# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၁၈)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ၁၈–၁၀–၂၀၂၄၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တာဝန်ရှိသူများ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆီးနှင်းပြိုက်ကျ"(ကြိုး)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြိုင်ဟေမာ"(ယိုးဒယား)သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ယောကျာ်းဆုပန်"သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက " သန္တုဋ္ဌိစ" သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး ၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာ အသုံးပြု၍ ကကြိုးကကွက် စုံလင်စွာဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်





နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေနှင့် ဦးမင်းသိန်းဇံတို့ ကာလပေါ် တေးသီချင်း အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

စာမျက်နှာ ၃ သို့ ❍

**နေရာ ကွက်ကျား မိုးရွာ မည်**

**(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၁၈ ရက်၊ သောကြာနေ့။

မန္တလေး

# စိုက်ပျိုးမွေးမြူရေးနှင့် စားရေရိက္ခာပေါများရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးစသည့် အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်ကို ချမှတ်ထားပြီး လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO မှ ယခုနှစ်ထုတ်ပြန်ချက်များအရ ကမ္ဘာ့အစားအစာလိုအပ်ချက်၏ သုံးပုံတစ်ပုံကို လုပ်ကွက်ငယ်တောင်သူများက ထုတ်လုပ်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကျေးလက်ဒေသများရှိ လယ်ယာကုန်ထုတ်လုပ်ငန်းများ၏ အထွက်နှုန်းနှင့် ထုတ်လုပ်မှုစွမ်းအားကို ထိခိုက်စေလျက်ရှိကြောင်း၊ ပြည်သူများအတွက် အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားရေရိက္ခာများ ထုတ်လုပ်နိုင်စေရန် လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများ၊ စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာ၊ နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ထို့ပြင် သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် မြေဧရိယာဟက်တာ ၁၂သန်းခန့်ရှိသည့် မြန်မာနိုင်ငံတွင် စပါး၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံသီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အစရှိသည့် သီးနှံအမျိုးပေါင်း ၆၀မျိုးခန့်ကို နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင် ဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ၂၀၂၃-၂၀၂၄ ခုနှစ်၌ စပါးသီးနှံစိုက်ဧရိယာ ဟက်တာ ၇ ဒသမ ၁၈ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၂၉ ဒသမ ၉၄ သန်းကျော်၊ ဆီထွက်သီးနှံများ စိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၃၄ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၃ ဒသမ ၂၃ သန်းကျော်နှင့် ပဲမျိုးစုံသီးနှံများ စိုက်ဧရိယာဟက်တာ ၂ ဒသမ ၇၆ သန်းကျော်တွင် အထွက်မက်ထရစ်တန် ၄ ဒသမ ၁၃ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ငါးသယံဇာတမပြုန်းတီးစေရေးအတွက် သား၊ငါး မွေးမြူထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး" ဆောင်ပုဒ်နှင့်အညီ လူသားတိုင်း တစ်ဦးမကျန် လုံလောက်သော စားရေရိက္ခာရပိုင်ခွင့်၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှုနှင့် အာဟာရ၊ ပိုမိုကောင်းမွန်သော လူမှုဘဝနှင့်ပတ်ဝန်းကျင်တို့ ရရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် စားရေရိက္ခာပေါများရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့် တီထွင်ဆန်းသစ်မှုများ မြှင့်တင်ရန်၊ စိုက်ပျိုးရေး စားရေရိက္ခာစနစ်တွင် ပါဝင်ပတ်သက်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်း၏ (၁၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)နံနက် ၅နာရီခွဲက ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ကျော်အား ဆွမ်း၊ ကြက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်၊ ကော်ဖီမစ်ထုပ်နှင့် ကာဘာနန်းတော်(စံပြ)မိသားစုက သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၅၀၀၀ စီကိုလည်းကောင်း၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀စီကို လည်းကောင်း၊ လောင်းလှူကြပြီး သင်္ကန်းဒွိစုံ ငါးစုံနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၅၀၀၀၀ကို စာရေး



တံမဲဖောက်၍ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့်ဇနီး ဒေါ်ယုယုဇော်၊ မဟာမြိုင်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်နှင့်ဇနီး ဒေါ်နှင်းယုလှိုင်၊ ကာဘာနန်းတော်(စံပြ) မိသားစု၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၀)

၀-၀-၀-၀-၀

## ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင် ဆုတောင်းပြည့်ဘုရားတွင် ရိုးရာဆင်လှူပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ရွှေသာလျောင်းတောင် ဆုတောင်းပြည့်ဘုရားတွင် ရိုးရာဆင်လှူပွဲတော်အား ရွှေသာလျောင်းတောင်ထိပ် ဓမ္မာရုံတွင် ယနေ့ နံနက် ၅နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။ (အပေါ်ပုံ)

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နှင့်အဖွဲ့ဝင်များ၊ ကျောက်ဆည်အသင်း(ရန်ကုန်)မှ အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့်အသင်းဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရွှေသာလျောင်းဂေါပကဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများ၊ ပြည်သူများက ရွှေသာလျောင်းတောင်ထိပ်ရှိ ဆုတောင်းပြည့်ဘုရားတွင် လှူဒါန်းသွားမည့် ရွှေဆင်၊ ငွေဆင်များအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရားအား လက်ယာရစ် (၃)ပတ် ပတ်၍ လှူဒါန်းခဲ့ပြီး ကျောက်ဆည်မြို့၊ ဖောင်ရှာရပ်ကွက်၊ ကုန်းမြင့်သာပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ ထံမှ ငါးပါးသီလတရား ခံယူဆောက်တည်၍ ရေစက်သွန်းချ အနုမောဒနာတရားခံယူဆောက်တည်ခဲ့ကြောင်း သိရသည်။

ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရားသည် သက္ကရာဇ် ၃၇၉ခုနှစ်တွင် နန်းတက်တော်မူခဲ့သော ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးက သက္ကရာဇ်၃၉၅ခုနှစ် ကျောက်ဆည်ကိုးခရိုင်နယ်မြေတွင် ဆည်၊ မြောင်း၊ ကန်၊ချောင်းတို့ကို တည်ဆောက်ဆယ်ဖို့စဉ်ကာလ သီဟိုဠ်ဘုရင် ဓာတုသေနမင်းထံမှ ပင့်ဆောင်တော်မူသော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ကို အရှင်အရပ်ဩဝါဒဖြင့် ဆင်မယဉ်သာ(ဆင်ဖြူတော်)ပေါ်တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်တော်မူရာ ကျောက်ဆည်မြို့ သာလျောင်းတောင်ထိပ်သို့ တက်၍ ခေတ္တလဲလျောင်းပြီးနောက် မြစ်သားမြို့နယ်၊ ခရွှေတောင်ထိပ်သို့တက်၍ ထပ်မံ ဝပ်သောကြောင့် သာလျောင်းတောင်ထိပ်နှင့် ခရွှေတောင်ထိပ်တို့တွင် တစ်ပြိုင်တည်း တည်ထားကိုးကွယ်ခဲ့သော စေတီတစ်ဆူဖြစ်ကြောင်း သိရသည်။

(၄၈၅)

## သီတင်းကျွတ်လပြည့်နေ့တွင် ရတနာပုံတက္ကသိုလ်မိသားစုများ ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး၊ အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်တွင် ယနေ့ ညနေ ၆နာရီက သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင်ရှေ့တွင် ရတနာပုံတက္ကသိုလ်မိသားစုများက စုပေါင်းဆီမီးထွန်းညှိပူဇော်ပွဲကို ဓလေ့ထုံးတမ်းများနှင့်အညီ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများက အဆိုပါတက္ကသိုလ်ရှိ ရတနာပုံ ဆုတောင်းပြည့်ဘုရားနှင့် ပင်မဆောင်တို့တွင် စုပေါင်းဆီမီးထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

(ယာပုံ)

(၀၈၂)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

○ ရှေ့ဖုံးမှ

အတွင်း) အမျိုးသား ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာအကအလှများကို ပေါ်လွင်စေသည့် ကကြိုးကကွက်များဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြရာ လာရောက်ကြည့်ရှုအားပေးကြသည့် အနုသုခမပညာရပ်ကို စိတ်ဝင်စားကြသော ပြည်သူများဖြင့် စည်ကားခဲ့သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေနှင့် တာဝန်ရှိသူများ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ရိုးရာ အမွေ အလှတိုးဖြာစေ"ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မော်ရုံဟောဝန်" (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

တယောအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ကြောင်နီလာ"(ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "စိန်ကြောင်နီလာ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှန်ရဝေ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ပလွေပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ယမုနာ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဧယျာမြို့"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြံ့ကြံ့ဖန်ဖန်"(ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လှဲ့လှဲ့စိမ်းရောင်"(ကြိုး)သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီး အဖွဲ့လိုက်အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "ဝေဿန္တရာ"ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု သီရိဟံသာ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လေဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟာဇနက"ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းမြို့ဂုဏ်ရည် ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။





ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ဟိုး၊ Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ "မဟာဇနက" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းမြို့ဂုဏ်ရည် ဇာတ်သဘင်အဖွဲ့က တင်ဆက်ကပြ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါက်တာဘရှေနှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် မိမိတို့နိုင်ငံသူ နိုင်ငံသားများ အားလုံးတွင် "မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး"ဆိုသည့် မူဝါဒရည်မှန်းချက်များ ချမှတ်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသားအားလုံး ပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) တွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၁၇

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းနှင့် တရားဘာဝနာပွားများခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌လည်း ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာနှင့်အညီ ကုသိုလ်ကောင်းမှုပြုလုပ်၍ သီတင်းသီလ ဆောက်တည်ကြသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားခဲ့သည်။

နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ လက်လုပ်တောင်ရွှေနန်းသွင်းစေတီတော်၊ ရွှေလွမ်းအင်းစေတီတော်၊ ဒက္ခိဏသီရိတောင်စေတီတော်၊ နေရောင်ပြ မြို့နယ်ရှိ ရန်အောင်မြင်စေတီတော်၊ လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်၊ ပျဉ်းမနား ဘုရားကိုးဆူစေတီတော်၊ စူဠာမုနိစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့် စေတီတော်၊ ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ" သံဝေဇနိယ (၄) ဌာနအပါအဝင် ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးများဖြင့် စည်ကားခဲ့ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ဖြင့်ပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

**ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်**

ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံ လွှတ်တင်ခြင်းတို့ကို ဆောင်ရွက်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌လည်း နံနက်ပိုင်းမှစတင်၍ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားများကို ကျင်းပခဲ့ရာ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်ကုသိုလ်ယူပြီး သီတင်းသီလဆောက်တည်ကြသည့် နေပြည်တော်နှင့် ပတ်ဝန်းကျင် မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ပြီး ညပိုင်းတွင် စေတီတော်မြတ်ကြီး၌ ဆီမီးများ ထွန်းညှိပူဇော်ပွဲကိုလည်း ကျင်းပခဲ့ကြသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးဝယ်ကြသူများနှင့် မင်္ဂလာကန်တော်၊ နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် နေပြည်တော်အမျိုးသား အထိမ်းအမှတ် ဥယျာဉ်တို့တွင် အပန်းဖြေ လာရောက်ကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်း၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ခြင်းတို့ဖြင့် စည်ကားခဲ့သည်။

သတင်းစဉ်



ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်နေ့ ဘုရားစေတီများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြု အပန်းဖြေသူများနှင့် စည်ကား









**မန္တလေး အောက်တိုဘာ ၁၇**

သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့၏ အထင်ကရ သမိုင်းဝင်ဘုရားစေတီများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြုအပန်းဖြေသူများနှင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ ရုံးများပိတ်ရက်ဖြစ်တာကြောင့် ဘုရားစေတီများ၌ ကုသိုလ်ပြုသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် နံနက်ပိုင်းနှင့်ညနေပိုင်းတွင် သီတင်းကျွတ်မီးထွန်းပွဲကျင်းပရာ ကျုံးဘေးနှင့် ရပ်ကွက်ဓမ္မာရုံများတွင် မီးထွန်းသူများနှင့် ကြိတ်ကြိတ်တိုးစည်ကားနေသလို ရတနာပုံဥယျာဉ်အတွင်း၌လည်း အပန်းဖြေသူများ၊ ကလေးများ အပျော်စက်ဘီးစီးကြသူများ၊ မိသားစုလိုက် အပန်းဖြေလာကြသူများ၊ ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များ အပန်းဖြေအနားလာယူသူများဖြင့် ပိုမိုများပြားစည်ကားလျက်ရှိသည်။ ထို့ပြင် ၁၂ လမ်းကျုံးဘေးတစ်လျှောက် ၂၆ လမ်းကျုံးဘေးတစ်လျှောက်တွင် ကျောက်တော်ကြီးဘုရားပွဲတော်နှင့် မီးထွန်းပွဲတော်တို့တွင် စည်းကားလျက်ရှိသည်။

မန္တလေးမြို့ သမိုင်းဝင် ကုသိုလ်တော်ဘုရားဝင်းနှင့် စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်တော်တို့တွင် သီတင်းကျွတ်လပြည့်နေ့ထူးနေ့မြတ်ဖြစ်သောကြောင့် ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ရပ်ကွက်တိုင်းရှိ ဓမ္မာရုံများ၊ လမ်းဆုံလမ်းခွများတွင် ညနေပိုင်း၌ ဓမ္မစကြာရွတ်ဖတ်ပူဇော်သူများ၊ စတုဒိသာ အကျွေးအမွေးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် သမိုင်းဝင်ဘုရားများဖြစ်သည့် အောင်တော်မူဘုရား၊ ရွှေကျီးမြင်ဘုရား၊ အိမ်တော်ရာဘုရားဝင်းများတွင်လည်း လပြည့်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် အထူးစည်ကားနေသလို မီးထွန်းပွဲတော် ဆီမီးထွန်းသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သီတင်းကျွတ်ကာလ ဈေးရောင်းပွဲတော်များနှင့် မင်္ဂလာမန္တလေး၊ တောင်သမန်အင်းဦးပိန်တံတားနှင့် မယ်ဇယ်တန်းတို့တွင် ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်ကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

# သီတင်းကျွတ်ပိတ်ရက်တွင် မန္တလေး အမရပူရရှိ တောင်သမန်ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများနှင့် စည်ကား

သီတင်းကျွတ်ပိတ်ရက်တွင်ပါဝင်သည့် သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေး၊ အမရပူရရှိ တောင်သမန်ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများနှင့် အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့နှင့် အနီးတဝိုက်မှ အများပြည်သူတို့သည် နံနက်ပိုင်းတွင် တန်ခိုးကြီးဘုရားများသို့ သွားရောက်ကြ၍ ပန်း ဆီမီးကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းတို့စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီးနောက် တောင်သမန်ဦးပိန်တံတားသို့ အနားယူလည်ပတ်ကြကြောင်း တောင်သမန်ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

"မနက်ပိုင်းမှာ ဘုရားဖူးသွားကြပြီးမှ တောင်သမန်ကိုလာကြလို့ ပိုစည်တယ်။ မနက်ပိုင်းမှာလာတဲ့ ဧည့်သည်တွေ ခန့်မှန်းရင် ၃၀၀၀၀ လောက်ရှိမယ်။ ၁၂ နာရီနောက်ပိုင်းဆို ဒီထက်ပိုများမယ်။ တောင်သမန်ကိုလာပြီး အနားယူအပန်းဖြေလာကြတယ်။ မယ်ဇယ်တန်းမှာ စားကြသောက်ကြသွားကြ၊ တံတားပေါ်လမ်းလျှောက်ကြတယ်"ဟု ၎င်းက ပြောသည်။

တောင်သမန်ဦးပိန်တံတားသို့ လာရောက်သူများပြားခြင်းကြောင့် ငှက်လှေအဖွဲ့များ၊ ဒေသခံအမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များ ရောင်းအားကောင်းကြောင်း၊ နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း စုစုပေါင်းလာရောက်သည့် ဧည့်သည်ပေါင်း ၇၀၀၀၀ လောက်ရှိမည်ဟု ဆက်လက်ပြောကြားသည်။

"တိုင်အလုံးပေါင်း ၃၀၀ လောက်ကို ရှေးမူမပျက်ပြင်ဆင်ဆောင်ရွက်ထားလို့ တောင်သမန်တံတားက အရင်ထက်ကြံ့ခိုင်မှု အားကောင်းပြီဖြစ်လို့ တံတားပေါ်လမ်းလျှောက်သူတွေအတွက် အန္တရာယ်မရှိနိုင်တော့ဘူး။ ဒီလိုနေ့မျိုးဆိုရင် ငှက်လှေတွေ လူတွေ အများကြီးပို့ရတယ်"ဟု ဆက်လက်ပြောကြားသည်။



တောင်သမန်၊ မယ်ဇယ်လွင်ပြင်အဖြစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆင့်မြှင့်တင်ဆောင်ရွက်ထားရာ နားနေရန်ထိုင်ခုံများ၊ စားသောက်သီးသန့်နေရာများနှင့်ဒေသထွက်ပစ္စည်းအရောင်းဆိုင်များ သီးသန့်နေရာချထားခြင်းတို့ကြောင့် သန့်ရှင်းလျက်ရှိသဖြင့် ပျော်ပွဲစားလာရောက်သူများနှင့် လည်ပတ်သူများ ယခင်နှစ်များထက် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

ဝ-ဝ-ဝ-ဝ-ဝ



## ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန့်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ပခုက္ကူ အောက်တိုဘာ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ၌ ယနေ့ နံနက်ပိုင်းက ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်။

ပခုက္ကူမြို့သည် ဗုဒ္ဓဘာသာ သာသနာထွန်းကားရာမြို့တစ်မြို့ဖြစ်သည်နှင့်အညီ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးစသည့် ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများတည်ရှိရာ မြို့လည်းဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် နေ့ထူးနေ့မြတ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ရောက်တိုင်း ဘုရား၊စေတီတော်မြတ်ကြီးများရှိ ဗုဒ္ဓရုပ်ပွားတော်များ ရေသပ္ပာယ်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ပန်း၊ဆီမီး၊အမွှေးနံ့သာရည်များဖြင့် ထွန်းညှိကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်းတို့ဖြင့် အသီးသီးလာရောက်ကုသိုလ်ယူကြသည်ကို တွေ့ရသည်။

ထို့အပြင် ပခုက္ကူမြို့၊ ဘုန်းတော်ကြီးကျောင်း၊စာသင်တိုက်များရှိ ဆရာတော်၊ သံဃာတော်ကြီးများထံ ဥပုသ်သီလတရား နာယူကြသူများ၊ ဘုရား၊ စေတီတော်ရင်ပြင်များတစ်လျှောက် အဘိဓမ္မာဒေသနာတော် ရွတ်ဖတ်ပူဇော်သူများ၊ ဘုရားပန်းများ လဲလှယ်သူများနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းသူများ၊ ငါးအစာကျွေးသူများ၊ ဘုရားဝန်းအတွင်း ရောင်းချသည့် စားစရာ မုန့်ပဲသရေစာများ ဝယ်ယူစားသောက် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၃၄၀)

❖ စာမျက်နှာ ၂၄ မှ

ခြေစစ်ပွဲများကို အိမ်ရှင်နိုင်ငံများအဖြစ် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဥဇဘက်ကစ္စတန်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ၁၉သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ငါးသင်း သုံးအုပ်စုနှင့် လေးသင်းတစ်အုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲကို လာမည့် ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁၁မှ ၁၉ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ခြေစစ်ပွဲ အုပ်စုလေးခုမှ ထိပ်ဆုံးရပ်တည်မှုအရ နှစ်သင်းစီ (ရှစ်သင်း)နှင့် အုပ်စုလေးခုမှ အကောင်းဆုံးအုပ်စု တတိယရအသင်း စုစုပေါင်း ကိုးသင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တရုတ်၊ ၂၀၁၈ပြိုင်ပွဲ ချန်ပီယံ အီရန်နှင့် ဒုတိယရ ဂျပန်တို့မှာ တိုက်ရိုက်ဝင်ခွင့်ရခဲ့ပြီး ခြေစစ်ပွဲအောင် ကိုးသင်း၊ စုစုပေါင်း အသင်း ၁၂သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် တရုတ်နိုင်ငံက ၂၀၂၅ ခုနှစ် မေ ၇ရက်မှ ၁၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် လာမည့်နိုဝင်ဘာအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် စက်တင်ဘာ ၃၀ရက်မှစ၍ ပဏာမကစားသမား ၂၆ ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအပြင် အာရှဖလား ခြေစစ်ပွဲအတွက်ပါ ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိသည်။

(NGB)

## သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့ ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကား



**ကျွန်းလှ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ဥပုသ်သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးတွင် ဗုဒ္ဓဘာသာအနွယ်ဝင် ရပ်ဝေး၊ ရပ်နီးပြည်သူများက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ အာဟာရဒါနကုသိုလ်ပြုခြင်းနှင့် ဥပုသ်သီလဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံက အနုမောဒနာတရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှတမ်းပေးဝေကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

၀-၀-၀

၀-၀-၀-၀-၀

## ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်းသရုပ်ပြပွဲနှင့် တောင်သူပညာပေး ဆွေးနွေးပွဲပြုလုပ်

**ညောင်ဦး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေး အစီအစဉ်အဖြစ် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် ပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၉နာရီက အမှတ်(၇)ရပ်ကွက်၊ တောင်ဘီကျေးရွာကွင်းရှိ ကွင်းအမှတ်(၁၅၁၈)၊ တောင်သူ ဦးအောင်မင်း၏ ယာမြေ ၁၀ဧကပေါ်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် တောင်သူပညာပေး ဆွေးနွေးပွဲတွင် ရှေးဦးစွာ တောင်သူ ဦးအောင်မင်း၏ ယာမြေ ၁၀ ဧကပေါ်တွင် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ)ကြဲပက်စိုက်ပျိုးခြင်းကို သရုပ်ပြသကြသည်။ ယင်းနောက် ပညာပေးဆွေးနွေးပွဲကို ယာယီမဏ္ဍပ်တွင် ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီက ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးစေခြင်း၏ အဓိကရည်ရွယ်ချက်များမှာ တောင်သူများ ဓာတ်မြေဩဇာကို ရေရှည်အသုံးပြုခြင်းဖြင့် မြေဆီလွှာအတွင်း သဘာဝမြေဆွေးများ ဆုံးရှုံးခြင်း၊ မြေချဉ်၊ ငန်နှုန်းများ ပြောင်းလဲလာခြင်း၊ အကျိုးပြုအဏုဇီဝများ လျော့နည်းသွားခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း လျော့ကျလာခြင်းကို အလွယ်ကူဆုံးနှင့် အသက်သာဆုံး ဖြေရှင်းပေးနိုင်စေရန် ဖြစ်ပါကြောင်းနှင့် ပိုက်ဆံလျှော်ဟုခေါ်သည့် သစ်စိမ်းမြေဩဇာကို မြေနေရာမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ပါကြောင်း စသည်ဖြင့် အသိပညာပေး ဆွေးနွေးပြောကြားသည်။ ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ၊ အဆိုပါ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်းသရုပ်ပြပွဲနှင့်ပညာပေးဆွေးနွေးပွဲတွင် တောင်သူများအား ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို အသိပညာပေး၍ တောင်သူများကိုယ်တိုင်ပါဝင်ကြဲပက် သရုပ်ပြသစေ၍ စိတ်ပါဝင်စားစွာ စိုက်ပျိုးလိုသည့် တောင်သူများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဧက ၄၀ စာ အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရပြီး အခမ်းအနားသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ကျေးလက်တောင်သူများ၊ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) အကြောင်း စိတ်ဝင်စားသည့် တောင်သူများ တက်ရောက်ခဲ့ကြကာ ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ)စေ့များ ကြဲပက်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)



# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Xiao Zhan ၏ မွေးနေ့ပွဲကို နိုင်ငံ (၈၂)နိုင်ငံတွင် ကျင်းပခဲ့ကြ




တရုတ်အနုပညာရှင် Xiao Zhan ၏ အောက်တိုဘာ ၅ရက်တွင် ကျရောက်ခဲ့သည့် မွေးနေ့ပွဲအတွက် နိုင်ငံပေါင်း ၈၂နိုင်ငံတွင် ကျင်းပပေးခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နယ်နိမိတ်များတွင် စည်းရှိသော်လည်း ချစ်ခြင်းမေတ္တာတွင် စည်းမရှိ၍ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား အပါအဝင် နိုင်ငံပေါင်း (၈၂)နိုင်ငံက မွေးနေ့ အခမ်းအနားကို ကျင်းပပေးခဲ့ကြသည်။

Xiao Zhan ကို မွေးရပ်မြေချုံချင့်ကလည်း မြို့လုံးကျွတ်ပါဝင်ဂုဏ်ပြု၍ ဆုမွန်ကောင်းတောင်းပေးထားကာ သူ၏စတူဒီယို အပါအဝင် တရုတ်နိုင်ငံအနှံ့အပြား ဂုဏ်ပြုနှင်းဆီပန်းများ ပေးပို့၍ ဆုတောင်းပေးထားကြသည်။

ဝမ်ရိဘိုကလည်း ရှစ်လပိုင်းမှစ၍ စီစဉ်ထားသော မွေးနေ့လက်ဆောင်အဖြစ် လက်ရှိမွေးနေ့ အမီ ဓာတ်ပုံ ၃၃ပုံပြည့်အောင် တင်၍ ဂုဏ်ပြုသွားသည်။ **SKY**

## အဝလွန်ရောဂါကို ဟိုက်ဒရိုဂျင်ဆာလဖိုက်ဖြင့် အနာဂတ်တွင် ကုသပေးနိုင်မည်ဟု မျှော်လင့်ရ



လူ့ကိုယ်ခန္ဓာထဲတွင် အဆီဓာတ်လွန်ကဲ လာရာမှ သာမန်ရှိသင့်သည်ထက် ပိုမိုဝဖြိုးလာလေ့ရှိသည်။ ထိုသို့ဝဖြိုးလာခြင်းကို မထိန်းချုပ်နိုင်ရာမှ နောက်ဆုံးတွင် အဝလွန်ရောဂါခံစားရမည်ဖြစ်သည်။

ပိုလန်နိုင်ငံ ဂျာဂီယဲလိုနီယန်တက္ကသိုလ် ဆေးပညာကောလိပ်နှင့် အင်္ဂလန်နိုင်ငံ အက်ဇက်တာတက္ကသိုလ်မှ သုတေသီများ မကြာသေးမီကလေ့လာတွေ့ရှိသော ဒြပ်ပေါင်းတစ်မျိုးဖြင့် အဝလွန်ရောဂါကို အနာဂတ်တွင် ကုသပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

အေပီ၃၉ဟုအမည်ပေးထားသော ဒြပ်ပေါင်းက ဟိုက်ဒရိုဂျင်ဆာလဖိုက်ကို ထုတ်ပေးမည်ဖြစ်ပြီး ၎င်းကအဝလွန်ခြင်းကို လျှော့ချနိုင်မည်ဟုဆိုသည်။

အဆိုပါသုတေသီများသည် ဓာတ်ခွဲခန်းကြွက်များဖြင့် လက်တွေ့စမ်းသပ်ပြီးနောက် လူဖြင့် ဆက်လက်စမ်းသပ်ရန် စီစဉ်နေကြောင်း သိရသည်။

**Mon**

## Rose က Atlantic Records နှင့် စာချုပ် ချုပ်ဆိုထား

Black Pink အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ခဲ့သည့် Rose သည် Taylor Swift နှင့် Label တူသည့် Atlantic Reords နှင့် စာချုပ်ချုပ်ဆိုလိုက်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Rose ၏တစ်ကိုယ်တော် ဂီတအယ်လ်ဘမ်အတွက် အဆိုပါကုမ္ပဏီနှင့်စာချုပ် ချုပ်ခဲ့ရာ ယင်းကုမ္ပဏီသည် UMG လက်အောက်တွင်ရှိ၍ Taylor Swift နှင့် Label တူခဲ့ပြီး Reputation (Taylor's Version)ကဲ့သို့ အသစ်တစ်ပုဒ် ထွက်ရှိလာနိုင်သည်ဟုသတင်းထွက်နေသည်။

Black Pink အဖွဲ့ဝင်များ တစ်ကိုယ်တော်ဂီတနှင့်ဂီတစွမ်းရည်များ ပြသခဲ့ကြရာ လီဆာ၊ ဂျင်နီ၊ဂျီဆိုနှင့်ရို့စ်တို့လည်း ကိုယ်ပိုင်ကုမ္ပဏီများကို ကမ္ဘာကျော်ဂီတကုမ္ပဏီများနှင့် ပူးပေါင်း၍ ဂီတသစ်အတွက် ပြင်ဆင်နေကြပြီဖြစ်သည်။

**SKY**



## Stray Kids ၏ ATE ဂီတကမ္ဘာ့အယ်လ်ဘမ်ဇယားတွင် ရပ်တည်နိုင်ခဲ့

မျိုးဆက်သစ်လူငယ်ရှစ်ဦးနှင့် ဖွဲ့စည်းထားသည့် Stray Kids ဂီတအဖွဲ့၏ ATE ဂီတအယ်လ်ဘမ်သည် Billboard ကမ္ဘာ့အယ်လ်ဘမ်ဇယားတွင် ခြောက်ကြိမ်မြောက် ဆက်တိုက်ရပ်တည်နိုင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ အဖွဲ့၏ဂီတအယ်လ်ဘမ်မှာ ထွက်ရှိပြီးနောက် နံပါတ်တစ်ဇယားတွင် အပတ်တိုင်းထိပ်ဆုံးစာရင်းဝင်ခဲ့ပြီး ထိပ်တန်းအယ်လ်ဘမ်ရောင်းချမှုဇယားတွင် နံပါတ်ခုနစ်နေရာ သိမ်းပိုက်ထားသည်။

ပြည်တွင်းသာမက ပြည်ပနိုင်ငံများတွင်လည်း အားပေးမှုရရှိထားကာ အမေရိကန်ပြည်ထောင်စုတွင် အောက်တိုဘာလဆန်းက သတ္တမမြောက် ရောင်းအားအကောင်းဆုံးအယ်လ်ဘမ် ဖြစ်ခဲ့သည်။ **SKY**

## Harshvardhan Rane ၏ ရုပ်ရှင်သစ်အတွက် ဒါရိုက်တာတစ်ဦး ရှာဖွေနေဆဲ



ဘောလိဝုဒ်အနုပညာလောကမှ Sanam Teri Kasam 2 ကို မင်းသား Harshvardhan Rane နှင့် မော်ရာဟိုကန်နီတို့ ပါဝင်မည်ဖြစ်ပြီး ရုပ်ရှင်သစ်အတွက် ဒါရိုက်တာတစ်ဦး ရှာဖွေနေဆဲဖြစ်သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် ၂၀၁၆ ခုနှစ်တွင် ထွက်ရှိခဲ့ပြီး ပရိသတ်အားပေးမှု ရရှိထားကာ အပိုင်း (၂)ကို ဆက်လက်ရိုက်ကူးမည်ဖြစ်ပြီး စကွဲရုပ်ရှင်က ထုတ်လုပ်ပေးထားပြီး မင်းသား Harshvardhan Rane အဓိက ပါဝင်ထားပြီး ဒါရိုက်တာတစ်ဦး ရှာဖွေနေသည်ဟု ရှိုဟန်ရှော့စတား အင်တာတိန်းမင့်က တရားဝင်ကြေညာထားသည်။

ယခင်ဇာတ်ကားကို ရာဟီကာရိုးနှင့်ဗီနေးဆပ်ရူတို့က ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာအဖြစ် ပူးတွဲဖန်တီးထားကြပြီး ပရိသတ်ကြား အောင်မြင်ခဲ့သော်လည်း ဝင်ငွေအရ အရှုံးပေါ်ခဲ့၍ အပိုင်း(၂)အတွက် ဒါရိုက်တာ ရှာဖွေနေခြင်းဖြစ်သည်။

**SKY**




## Miley Cyrus ၏ Party In The USA ကို ဂျက်ဆီဂျေက ရောင်းချပေးခဲ့

ဟောလိဝုဒ်အနုပညာရှင် Miley Cyrus ၏ ဂီတ Party In the USA ကို တေးရေးဂျက်ဆီဂျေက ထမင်းငတ်၍ ရောင်းချပေးခဲ့သည်ဟု အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောကြားသွားသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

Miley Cyrus သီဆိုထားပြီး ပရိသတ်အားပေးမှု ရရှိထားသည့် အဆိုပါ သီချင်းကို တေးရေးသူ ဂျက်ဆီဂျေက ကောင်းမွန်စွာ သီဆိုပေးသည့် အဆိုတော်လက်ထဲ ရောက်ခဲ့၍ ကျေနပ်ကြောင်း ဦးစွာ ပြောကြားထားသည်။

အဆိုတော်အနေနဲ့ ပွဲဦးထွက်မည့်အချိန်တွင် သီဆိုရန်အတွက် ဂျက်ဆီဂျေက စီစဉ်ထားသော်လည်း စာချုပ် မချုပ်ရသေး၊လက်ထဲတွင်လည်း ဒေါ်လာလေးဆယ်သာရှိ၍ အိမ်ငှားခ မရှိ၊ ထမင်းငတ်ပြီး လမ်းဘေးရောက်မည်စိုး၍ အသိမှတစ်ဆင့် ထုတ်ရောင်းခဲ့ရခြင်းဖြစ်ကာ Miley Cyrus ဆိုမည်ကိုလည်း မသိခဲ့ဟု ထပ်ဆင့်ပြောကြားသည်။ **SKY**

## Jennie Columbia က Records နှင့်လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုခဲ့

Black Pink အဖွဲ့ဝင်တစ်ဦးဖြစ်သည့် Jennie သည် ကိုယ်ပိုင်အေဂျင်စီ OA အင်တာတိန်းမင့်ကို တည်ထောင်ထားပြီးအမေရိကန်အခြေစိုက် Columbia Records နှင့် စာချုပ် ချုပ်ဆိုခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကိုလံဘီယာရက်ကော့တွင် အမေရိကန်နာမည်ကြီး ကုမ္ပဏီတစ်ခုဖြစ်ပြီး အေအဆင့်အနုပညာရှင်များရှိသည့်နေရာဖြစ်ကာ ဂျင်းနီလည်း ရောက်ရှိလာခဲ့သည်။

ဂျင်းနီ၏ဂီတတစ်ကိုယ်တော် အယ်လ်ဘမ်ကိုလည်း ယင်းကုမ္ပဏီကပင် အောက်တိုဘာလတွင် ထုတ်ပေးသွားမည်ဟု တရားဝင်ကြေညာထားသည်ကို တွေ့ကြရသည်။ **SKY**



# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ




မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူခြင်းနှင့်ပတ်သက်၍ ဆန်းစစ်ရမည့်အဖွဲ့သစ်ကို တောင်ကိုရီးယားနိုင်ငံတွင် အောက်တိုဘာ ၁၆ ရက်က ဖွဲ့စည်းရာ ယင်းအဖွဲ့တွင် ဦးဆောင်ပါဝင်သည့် ဂျပန်၊ တောင်ကိုရီးယားနှင့်အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးများကို တွေ့ရစဉ်။ **Mon**

# ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်ပစ်မှတ်များကို ဘီတူးဗုံးကြဲလေယာဉ်များဖြင့် အမေရိကန်တိုက်ခိုက်

**ဝါရှင်တန် အောက်တိုဘာ ၁၇**

ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်ပစ်မှတ်များကို ဘီတူးကိုယ်ပျောက်ဗုံးကြဲလေယာဉ်များဖြင့် မိမိတို့ဘက်က တိုက်ခိုက်ခဲ့သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်ဒ်အော်စတင်က အောက်တိုဘာ ၁၆ ရက်တွင် အတည်ပြုပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အမေရိကန်လေတပ်မှ အဆိုပါဗုံးကြဲလေယာဉ်များက ဟူသီသူပုန်တို့ မြေအောက်တွင် ဝှက်ထားသော လက်နက်များကို အတိအကျထိမှန်အောင်ပစ်ခတ်တိုက်ခိုက်နိုင်ခဲ့ကြောင်း ၎င်းက သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

အနက်ပေမည်မျှရှိသည့် မြေအောက်မည်သည့်နေရာတွင်မဆို ဝှက်ထားသည်ဖြစ်စေ အမေရိကန်ဘက်က ထိမှန်အောင်ပစ်ခတ်နိုင်စွမ်းရှိသည်ကို လက်တွေ့ပြလိုက်ခြင်းဖြစ်သည်ဟု လွိုက်ဒ်အော်စတင်က ရှင်းလင်းပြောကြားသည်။

ယီမင်နိုင်ငံ ဆာနားမြို့တော်အနီးရှိ ပစ်မှတ်တစ်ခုတိုက်ခိုက်ခံရသည်ဟု ဟူသီသူပုန်အုပ်စုပိုင်ဆိုင်သော အယ်လ်မာဆီရာ ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်သော်လည်း မည်သည်ကိုထိမှန်ပြီး အသေအပျောက်မည်မျှရှိသည်ဟု မဖော်ပြခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0



# ရီပတ်ဘလီကန်သမ္မတလောင်း ထရမ့် အနိုင်ရစေရန် ရန်ပုံငွေ ဒေါ်လာ ၇၅ သန်း အီလွန်မတ်စ် ထည့်ဝင်ထား

**ဝါရှင်တန် အောက်တိုဘာ ၁၇**

နိုဝင်ဘာလတွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်သမ္မတလောင်း ထရမ့် အနိုင်ရစေရန် ရန်ပုံငွေဒေါ်လာ ၇၅ သန်း အီလွန်မတ်စ် ထည့်ဝင်ထားကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက ပြုလုပ်ခဲ့သော ပြည်ထောင်စုငွေစာရင်းအစီရင်ခံစာတွင် သန်းကြွယ်သူဌေး အီလွန်မတ်စ် ရန်ပုံငွေထည့်ဝင်ခြင်းနှင့်ပတ်သက်၍ ထည့်သွင်းတင်ပြထားသည်။

ဇူလိုင်လအတွင်း ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ဘတ်တလာမြို့၌ မဲဆွယ်စည်းရုံးမှု ပြုလုပ်နေစဉ် ဒေါ်နယ်လ်ထရမ့် သေနတ်ဖြင့် ပစ်ခတ်ခံရပြီးနောက်ပိုင်းတွင် အီလွန်မတ်စ်က ၎င်းဘက်တွင် အပြည့်အဝရပ်တည်ဝန်းရံကာ ရန်ပုံငွေစတင်ထည့်ဝင်ခဲ့ခြင်း ဖြစ်သည်။

ပြိုင်ဘက်ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ် အနိုင်ရရန် ပိုင်းဝန်းထည့်ဝင်ထားသည့် ရွေးကောက်ပွဲရန်ပုံငွေပမာဏမှာ ထရမ့်အတွက် ရန်ပုံငွေထက် ဒေါ်လာသန်း ၄၀၀ ကျော် ပိုများနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**

# ရွေးကောက်ပွဲ၌ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြရန် ဂျပန်ဝန်ကြီးချုပ် ရှီဂေးရုအိရှီဘာ တိုက်တွန်းပြောဆို

**တိုကျို အောက်တိုဘာ ၁၇**

လာမည့် အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲ၌ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်အရွေးခံကြရန် အောက်တိုဘာ ၁၆ ရက်က ဂျပန်ဝန်ကြီးချုပ် ရှီဂေးရုအိရှီဘာ ထပ်လောင်းတိုက်တွန်းပြောဆိုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက နာမည်စာရင်းတင်သွင်းမှတ်ပုံတင်ကာ မဲဆွယ်စည်းရုံးမှုစတင်ပြုလုပ်သော ပါလီမန်အမတ်လောင်းများထဲ၌ အမျိုးသမီးအမတ်လောင်း ၃၁၄ ဦး ပါဝင်ကြသည်။

၂၀၀၉ ခုနှစ်က ရွေးကောက်ပွဲဝင်ခဲ့သော ဂျပန်ပါလီမန်အမတ်လောင်း ၂၂၉ ဦးသာရှိခဲ့ရာ ယခုနှစ်တွင် ပိုများလာခြင်းဖြစ်သည်။



၂၀၂၅ ခုနှစ်တွင် ဂျပန်ပါလီမန်၌ အမျိုးသမီးအမတ်ဦးရေ ၃၅ ရာခိုင်နှုန်းအထိ ရောက်လာရန် လက်ရှိအာဏာရအယ်လ်ဒီပီပါတီက မျှော်မှန်းထားသည်။

ဂျပန်နိုင်ငံရေးနှင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များထဲတွင် အမျိုးသမီးအရေအတွက် အလွန်နည်းနေသကဲ့သို့ ဝန်ကြီးချုပ် ရှီဂေးရုအိရှီဘာ ဦးဆောင်ဖွဲ့စည်းထားသော ဂျပန်အစိုးရတွင်လည်း အမျိုးသမီးဝန်ကြီး ၂ ဦးတည်းသာပါဝင်ကြောင်း သိရသည်။ **Mon**

# အစ္စရေးတပ်များကို ချေမှုန်းတိုက်ခိုက်နိုင်စွမ်းရှိသည်ဟု အီရန်စစ်ဘက်ဆိုင်ရာ ကွပ်ကဲရေးမှူး ဆာလာမီ သတိပေး

**တီဟီရန် အောက်တိုဘာ ၁၇**

မိမိတို့အနေဖြင့် အစ္စရေးတပ်ဖွဲ့များကို ချေမှုန်းတိုက်ခိုက်နိုင်စွမ်းရှိသည်ဟု အီရန်စစ်ဘက်ဆိုင်ရာ ကွပ်ကဲရေးမှူး ဆာလာမီက အောက်တိုဘာ ၁၇ ရက်တွင် သတိပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၁ ရက်က အစ္စရေးနိုင်ငံဘက်သို့ ဒုံးလက်နက်ရာနှင့်ချီ၍ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးဘက်က လက်တုံ့မပြန်သေးမီ ၎င်းက ထိုသို့ သတိပေးလိုက်ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကိုယ်တိုင်က အီရန်ကို လက်တုံ့ပြန်မတိုက်ခိုက်ရန် အစ္စရေးကို ဟန့်တားပြောဆိုခဲ့သဖြင့် လက်ဘနွန်နိုင်ငံရှိ ဟစ်ဇဘိုလာပြောက်ကျားပစ်မှတ်များကိုသာ အစ္စရေးတပ်ဖွဲ့များ ဦးတည်တိုက်ခိုက်ခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း မိမိတို့ဘက်က လေကြောင်းပစ်ခတ်မှုများ ပြုလုပ်သဖြင့် လက်ဘနွန် တောင်ပိုင်းတွင် ဟစ်ဇဘိုလာ ပြောက်ကျား ၄၅ ဦး ကျဆုံးခဲ့သည်ဟု အစ္စရေးဘက်က အတည်ပြုကြောင်း သိရသည်။ **Mon**



# နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် လောင်စာဆီသယ်ယာဉ်ပေါက်ကွဲ လူ ၉၄ ဦး သေဆုံး



**လေဂို့စ် အောက်တိုဘာ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် အောက်တိုဘာ ၁၆ ရက်က လောင်စာဆီသယ်ယာဉ်တစ်စင်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ လူ ၉၄ ဦး သေဆုံးပြီး ၃၀ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိမ်နီးချင်း ကာနောပြည်နယ်မှ ဖ၈ မိုင်ခန့်ခရီးကို ဖြတ်သန်းမောင်းနှင်လာပြီးနောက် အဆိုပါလောင်စာဆီတင်ယာဉ်သည် မာဂျီယာမြို့ထဲ၌ ကုန်ကားတစ်စီးကို ဝင်တိုက်မိကာ ပေါက်ကွဲမီးလောင်ခဲ့ခြင်းဖြစ်သည်။ တိမ်းမှောက်ပြီးနောက် အပြင်သို့ ယိုစိမ့်ကျလာသော လောင်စာဆီများကို ဒေသခံများ ခပ်ယူနေကြစဉ် ပေါက်ကွဲခဲ့ရာမှ လူအသေအပျောက်များခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# ဘုတလင်မြို့နယ် စီပါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်စွပ်စွဲရေးသား လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်း ဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာကို ယနေ့နံနက်ပိုင်းက လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ကျူးကျော်ပေါက်ကွဲခဲ့




ဖြစ်စဉ်အမှန်မှာ ယနေ့နံနက်ပိုင်းက စီပါကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းကျေးရွာအတွင်းသို့ ကျူးကျော်ပေါက်ကွဲခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်း မရှိကြောင်း၊ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် PDF အမည်ခံ အကြမ်းဖက် သမားများ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် စီပါကျေးရွာရှိ နေအိမ်များ မီးလောင် ပျက်စီးခဲ့ရသည်ကို ဖုံးကွယ်ပြီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန် အတွက် မြေပြင်ဖြစ်စဉ်နှင့်လွဲမှားနေသည့် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒ ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော

**တန့်ယန်း အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁)ရပ်ကွက်၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဦးထက်လင်းဟန်၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ် ဝင်းကိုကိုနှင့် လမ်းဦးစီးဌာနမှူး ဦးတိုးဇေယျာလင်းတို့က မော်တော်ယာဉ်အသုံးပြုသူများနှင့် လမ်းအသုံးပြုသူများ သိရှိလိုက်နာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား ပရိဂျက်တာဖြင့် အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ပြည်ကြီးတံခွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ အောက်တိုဘာလ ၁၅ရက် ညနေ ၅ နာရီက သက်သေများနှင့်အတူ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၅၆ လမ်း၊ ၁၂၆ လမ်းထောင့်တွင် စိုင်းခေးလီဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆ နာရီက ၎င်းတည်းခိုနေထိုင်သည့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်ရှိ တည်းခိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ အားလည်းကောင်း၊ ညနေ ၇ နာရီခွဲက အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူ စိုင်းသျှန်ဟာန်ခမ်းဆိုသူအား မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၆ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားတွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိုင်းခေးလီ(၃၁)နှစ်နှင့် စိုင်းသျှန်ဟာန်ခမ်း(၂၃)နှစ်ဆိုသူတို့အား စက်မှုနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဖုန်းအားသွင်းရာမှ အပူချိန်လွန်ကဲပြီး မွေ့ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက် ၂၉(ဃ)လမ်း ၅၆လမ်းနှင့်၅၇ လမ်းကြားရှိ အလျား ၆၀ပေ အနံ ၄၀ပေ၊ RC ၂ ထပ် အဆောက်အအုံ၏ဒုတိယထပ် ပေ၂၀၊ ၁၅ပေ နေအိမ်အိပ်ခန်းအတွင်း ဖုန်းအားသွင်းရာမှ အပူချိန်လွန်ကဲပြီး မွေ့ရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ယင်းမီးလောင်မှုကြောင့် အိပ်ခန်းအတွင်း မီးလောင်ဆုံးရှုံးခဲ့ပြီး အခြားထိခိုက်မှုမရှိ မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်စဉ်မှာ မွန်းလွဲ ၁နာရီ ၅၅ မိနစ်တွင် သတင်းရှိသဖြင့် မီးလောင်မှုဖြစ်ပွားရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မီးငြိမ်းသတ်ရာ မီးသတ်ယာဉ် ၇စီး၊ ရေသယ်ယာဉ်သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၆၀ ဦး နယ်မြေခံယာဉ်အုပ်စုဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂နာရီ ၂၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့်



တာဝန်ရှိသူများက ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မီးလောင်ကျွမ်းမှုများ မဖြစ်ပေါ်စေရန် ဖုန်းအားသွင်းခြင်းနှင့် လျှပ်စီးမီးသုံးစွဲမှုများကို သတိထားဆောင်ရွက်ခြင်းဖြင့် မီးလောင်မှုဖြစ်စဉ်များ မရှိအောင် သတိထားဆောင်ရွက်သင့်သည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်- ၆)





## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အောက်)ကျေးရွာအနီးတွင် အားမွေ ဆိုသူမောင်းနှင်ပြီး အားလူး ဆိုသူလိုက်ပါလာသည့် ISUZU အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄နာရီခွဲက လော်မာ ဆိုသူအား ၎င်းနေထိုင်သည့် တာချီလိတ်မြို့နယ်၊ ဂျာပကျေးရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားမွေ(၂၁)နှစ်၊ အားလူး(၂၁)နှစ်နှင့် လော်မာ(၃၁)နှစ်ဆိုသူတို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသယ်တင်ယာဉ် တိမ်းမှောက်

**နေပြည်တော် အောက်တိုဘာ ၁၇**

ရန်ကုန်မန္တလေးအမြန်လမ်းမကြီး၊မိုင်တိုင်အမှတ်၁၅၀/၀နှင့် ၁၅၀/၁ ကြားတွင် အောက်တိုဘာ ၁၆ ရက် နံနက် ၅ နာရီခန့်က ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာသို့ ဇောတိကုန်းအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ သာဂရအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ဇောတိကုန်း အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား၊ အမျိုးသမီး ၂၈ အနက် အမျိုးသား ၈ဦး၊ အမျိုးသမီး ၄ ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။ဒဏ်ရာရသူများအား ဇောတိကုန်းအမြန်လမ်း သူနာပြုယာဉ်ဖြင့် တောင်ငူဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

# ဆင်နွှဲကြတူပျော်ပျော် သီတင်းကျွတ်မီးထွန်းပွဲတော်



သီတင်းကျွတ်လရောက်လာပြီဆိုမှဖြင့် မိုးသားမြူတိမ် သူရိန်မီးခိုးတို့ ကြီးစိုးမှု နည်းပါးခဲ့လေပြီ။ မိုးသားမိုးရိပ်တို့တဖြည်းဖြည်း လျော့ပါးလာခဲ့ပြီး သတ္တလောကနှင့် ဩကာသလောက တစ်ခွင် တိမ်ကင်းစင်လို့ ခြောက်သွေ့စပြုနေချိန်ပါ။ အနောက်တောင် မုတ်သုံလေတို့ နောက်ဆုတ်လို့သွားနေချိန်၊ အရှေ့မြောက်ရာသီလေ မြောက်ပြန်လေညင်းတို့ ဆော်သွန်းတိုက်ခတ်စပြုနေချိန်လည်းဖြစ်ပါတယ်။ ထက်ကောင်းကင်ဝဠာပြင်မှာ ကြည်လင်နေပြီး ညအခါ ငွေကြယ်ပွင့်တို့ လင်းလက်လို့ အလှဆင်နေကြပါပြီ။

သီတင်းကျွတ်လရဲ့ ထက်ကောင်းကင်မှာ တိမ်မဲတိမ်ညိုတို့ လွင့်စင်ခဲ့လေပြီ။ ဘော်ငွေရောင်အနားကွပ်တဲ့ မီးခိုးဖြူရောင်တိမ်တောင်တို့က နေရောင်အောက်မှာ တောက်ပလို့နေချိန် ဖြစ်ပါတယ်။ ညချမ်းချိန်ခါ ထက်ကောင်းကင်မှာ ငွေကြယ်လေးတို့ တောက်ပနေလို့မြင်ရသူတို့ ကြည်နူးကြည်သာ ဖြစ်နေရပြန်ပါတယ်။

မြန်မာတို့ရဲ့ ၁၂ လရာသီ ရှိသည့်အနက် သီတင်းကျွတ်လသည် ဗုဒ္ဓဘာသာဝင်တို့ရဲ့ အထွတ်အမြတ်ထားသည့် လလည်းဖြစ်ပါတယ်။ ဂေါတမမြတ်ဗုဒ္ဓရှင်တော်သည် ဝါတွင်းသုံးလပတ်လုံး မယ်တော်မာယာကို ကျေးဇူးဆပ်သည့်အနေနဲ့ နတ်ပြည်မှာ အဘိဓမ္မာတရားတော်များ ဟောကြားပေးခဲ့ပါတယ်။ ဝါကျွတ်ကာလ အခါသမယမှာတော့ နတ်ပြည်က လူ့ပြည်သို့ ဆင်းသက်လို့ ပြန်ကြွလာချိန်လည်း ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာရဟန်းတော်များဟာ ဝါတွင်းသုံးလပတ်လုံး မိမိတို့ရဲ့ နေထိုင်သီတင်းသုံးရာ စံကျောင်းတော်မှ သီတင်းကျွတ်လပြည့်ကျော်လျှင် ခရီးယာယီ ထွက်ခွာခွင့်ရကြပါတယ်။ ဝါတွင်းကာလ လွတ်မြောက်ခဲ့သည်ဖြစ်လို့ 'ဝါလကင်းလွတ် သီတင်းကျွတ်' လို့ ဆိုစမှတ်ပြုကြပါတယ်။ ထို့ပြင် ထိုမျှမက ဝါတွင်းသုံးလမှာ အတူတကွ ဝါဆိုဝါကပ်ပြုခဲ့ကြတဲ့ ရဟန်းသံဃာတော်များကလည်း မိမိတို့သီတင်းသုံးခဲ့ကြစဉ်ကာလအတွင်း အချင်းချင်း ပြုခဲ့မိကြတဲ့အပြစ်တို့ကို ထောက်ပြလို့ 'ပဝါရဏာပြုပွဲ' ကိုလည်း ကျင်းပကြရပါတယ်။ ထိုသို့ လုပ်ဆောင်ခြင်းဟာ သာသနာတော်ကြီးကို သန့်စင်ရုံမျှမက သံဃာတော်အချင်းချင်း စည်းလုံးညီညွတ်မှု၊ မေတ္တာကရုဏာထားရှိမှုများကို ထင်ရှားသိသာမြင်သာစေတာ ဖြစ်ပါတယ်။

ဗုဒ္ဓဘုရားရှင်ကို ဆီမီးများနဲ့ပူဇော်တဲ့ပွဲကို တစ်နိုင်ငံလုံးနီးပါး ကျယ်ပြန့်နီးဝေးကျေးရွာများ ပါမကျန် ကျင်းပကြတာ ထူးမြတ်တဲ့အစဉ်အလာတစ်ခုပါ။ မြို့ကြီးများမှာ ရောင်စုံလျှပ်စစ်မီးများ၊ မီးပုံးများနှင့် ဝေဝေဆာဆာ ပူဇော်ကြပါတယ်။ ထက်ကောင်းကင်သို့ မီးပုံးပျံများ တင်လွှတ်လို့ ပူဇော်ကြပါတယ်။ ကျေးလက်ဒေသများမှာလည်း ဖယောင်းတိုင်၊ ဆီမီးခွက်တို့နဲ့ ဆီမီးတစ်ထောင်၊ ဆီမီးတစ်သောင်း ပူဇော်ကြတာ ခြိမ့်ခြိမ့်သဲသဲ မီးပူဇော်ပွဲကြီး ဖြစ်ပါတော့တယ်။

မီးထွန်းပူဇော်ပွဲများနှင့်အတူ ဗုဒ္ဓနွယ်ဝင်သူတော်စင်တို့ကလည်း သက်ကြီးရွယ်အို အဘိုးအဘွား၊ မိဘဆရာတို့ကို လက်အုပ်ချီမိုးလို့ ကန်တော့ကြပါတယ်။ ဒီနေ့မှာတော့ သားနှင့်အမိ၊ သမီးနဲ့အဘ၊ အဘိုးအဘွားများနှင့်မြေးငယ်လေးများ၊ ကျောင်းသားများနှင့်ဆရာသမား၊ အကြီးအကဲနဲ့ သူ့ဏ်ဝန်ထမ်းများရဲ့ ရင်းနှီးချစ်ခင်မှု၊ သဏ္ဍာစွာဂါရဝနဲ့ ရိုသေမှု၊ စေတနာမေတ္တာထားရှိမှုများကို ဖော်ပြနေတဲ့ပွဲ ဖြစ်ပါတော့တယ်။

ဝါလကင်းလွတ် သီတင်းကျွတ်လရဲ့ ပူဇော်တဲ့ပွဲကို ကုန်းဘောင်ခေတ်စာဆိုကြီးဖိုးသူတော်ဦးမင်းက ရေးဖွဲ့ထားတာကို မှတ်မှတ်ရရတင်ပြလိုက်ပါတယ်။

မြန်မာတို့ရဲ့ ၁၂ လရာသီ ရှိသည့်အနက်
သီတင်းကျွတ်လသည် ဗုဒ္ဓဘာသာဝင်တို့ရဲ့
အထွတ်အမြတ်ထားသည့် လလည်းဖြစ်ပါတယ်။
ဂေါတမမြတ်ဗုဒ္ဓရှင်တော်သည် ဝါတွင်းသုံးလပတ်လုံး
မယ်တော်မာယာကို ကျေးဇူးဆပ်သည့်အနေနဲ့ နတ်ပြည်မှာ
အဘိဓမ္မာတရားတော်များ ဟောကြားပေးခဲ့ပါတယ်။
ဝါကျွတ်ကာလ အခါသမယမှာတော့
နတ်ပြည်က လူ့ပြည်သို့ ဆင်းသက်လို့
ပြန်ကြွလာချိန်လည်း ဖြစ်ပါတယ်။



သီတင်းကျွတ်လရဲ့ အမှတ်အသားဟာ ကြာပန်းများ
ဖြစ်ကြပါတယ်။ မြန်မာတို့က ကြာပန်းကို
သူတော်ကောင်းတရားရဲ့
ထူးခြားတဲ့လက္ခဏာတစ်ရပ်အဖြစ်
သတ်မှတ်ခဲ့ကြ၊ ညွှန်းပြခဲ့ကြပါတယ်။

**'ကြာငါးမည် ကြိုင်သင်းလို့**
**လျှံဝင်းတဲ့ ပြောင်ထိန်**
**ရွှေနန်းတော် တောင်ဦးမှာလ**
**ကွန့်မြူးမြင့်မိုရ်မီး၊ ညီးတဲ့ခါရိုန်**
**ရှိနိုးငယ်နှိမ်၊ သုံးကြိမ်ရှိပျောင်း။**
**သဏ္ဍာစွာဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို**
**နွှဲကြပေတောင်း'**

သီတင်းကျွတ်လရဲ့ အမှတ်အသားဟာ ကြာပန်းများ ဖြစ်ကြပါတယ်။ မြန်မာတို့က ကြာပန်းကို သူတော်ကောင်းတရားရဲ့ ထူးခြားတဲ့လက္ခဏာတစ်ရပ်အဖြစ် သတ်မှတ်ခဲ့ကြ၊ ညွှန်းပြခဲ့ကြပါတယ်။ 'ကြာငါးမည် ကြိုင်သင်းလို့' ဆိုတဲ့ ရေးဖွဲ့မှုမှာလည်း ဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူပွင့်တော်မူမယ်ဆိုတဲ့ မိုးနတ်ဗြဟ္မာတို့ရဲ့ နိမိတ်တော်ကို ရည်ညွှန်းတာလို့ ယူဆရပါတယ်။ မည်သို့ဆိုကြပါစေ ကြာပန်းသည် မြန်မာတို့ရဲ့ အထွတ်အမြတ်ထားရာ ဖြစ်ပါတယ်။ စေတီပုထိုးများမှာ ကြာမှောက် ကြာလှန်များ ထားရှိတာတွေ၊ ဘာသာရေးအဆောက်အအုံတွေမှာ ကြာပန်းလေးပွင့်နဲ့ ကြာငုံတစ်ငုံတို့စုစည်းလို့ ပူဇော်ခဲ့ကြတာ ထူးမြတ်လှပါတယ်။

ဝါလကင်းလွတ်သီတင်းကျွတ်လမှာ ပျော်စရာအတိ ပြီးလှပါတယ်။ နိုင်ငံတစ်ဝန်းက မီးထွန်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများ၊ ဘုရားပွဲတော်ကြီးများ ကျင်းပကြပါတယ်။ မင်းဘူးမြို့က ရှင်ပင်စက္ကိန်းတဲစေတီတော်ကြီးမှာ ဆီမီးပူဇော်ပွဲကြီး ကျင်းပမယ်လို့ သိရှိရပါတယ်။ မြစ်ဧရာအနောက်ကမ်းမှာ ဆီမီးအရောင် ထိန်ထိန်သာမဲ့ည ဖြစ်ပါမယ်။ အခြေအနေပေးခဲ့ရင် အရောက်သွားလို့ အားပါးတရ ပျော်လိုက်ချင်ပါဘိတယ်။

ထို့အတူ နိုင်ငံအတွင်းက တန်ခိုးကြီးဘုရားတွေမှာလည်း မီးထွန်းပွဲတော် ကျင်းပကြမှာဖြစ်ပါတယ်။ မန်းတောင်ခြေက မဟာသကျမာရဇိန် ကျောက်တော်ကြီး ဘုရားပွဲတော်ကြီးကိုသီတင်းကျွတ်လဆန်း ၁၃ ရက်မှသည် လပြည့်ကျော် ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရားကြီးသုံးဆူ တစ်ပေါင်းတည်းကျင်းပတဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကြီးလည်း ဖြစ်ပါတယ်။

မန္တလေးမြို့တော်ကြီးမှာလည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုများနဲ့အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးလို့ မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်ဆီမီးတစ်သောင်း မီးထွန်းပွဲတော်ကြီးကို မန္တလေး၊ ၂၆လမ်း၊ ၆၆လမ်းမှ ၇၃လမ်းအထိ သီတင်းကျွတ်လပြည့်နေ့မှာ ကျင်းပဖြစ်ပါတယ်။ စတုဒိသာအကျွေးအမွေးများနဲ့ ဧည့်ခံပြီး တေးဂီတပျော်ပွဲရွှင်ပွဲများနဲ့ ဧည့်ခံဖျော်ဖြေသွားပါတယ်။မန္တလေးမြို့တော်သူ၊ မြို့တော်သားများရဲ့ ၁၇-၁၀-၂၀၂၄ (ကြာသပတေးနေ့)၊ ၁၃၈၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပါတယ်။

**'ပျော်ရွှင်ဆင်နွှဲ၊ သီတင်းကျွတ်မီးထွန်းပွဲ**
**ဆင်နွှဲကြတူပျော်ပျော်၊ သီတင်းကျွတ်**
**မီးထွန်းပွဲတော်'**

ကိုကိုပံသု
(ပခုက္ကူတက္ကသိုလ်)

















## ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေး

**မကွေး အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ၂၀၂၄ ခုနှစ်အတွက် ဆောင်းသီးနှံစိုက်ပျိုးကြမည့်တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက စတင် ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ ဆောင်းသီးနှံထုတ်ချေးရန်ကာလမှာ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိဖြစ်ပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် စတင်ထုတ်ချေးပေးခဲ့ရာ ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူ ၃၈ ဦးအား ဆောင်းသီးနှံထုတ်ချေးငွေကျပ် ၂၂၄ သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ မြို့နယ်အတွင်း ကျန်ရှိနေသည့် တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ် များ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံက သိရသည်။ **ဇော်ဝင်းထွန်း(အောင်လံ)**

သတင်း-စာမျက်နှာ ၂၄




























## သီတင်းကျွတ်ပိတ်ရက်များနောက်ပိုင်းမှသာ ပဲ ၊ နှမ်းဈေးကွက် အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာမည်

သီတင်းကျွတ်ကာလ ပိတ်ရက်များနောက်ပိုင်းမှသာ ပဲ၊နှမ်းဈေးကွက် အရောင်းအဝယ် ပြန်လည် ကောင်းမွန်လာမည်ဖြစ်ကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

လက်ရှိ ပဲ၊နှမ်းဈေးကွက်တွင် ပြည်တွင်းသုံး ကုလားပဲတစ်မျိုးသာ နေ့စဉ်အရောင်းအဝယ်ရှိနေသည်။

သီတင်းကျွတ်ကာလ ဘဏ်ပိတ်ရက်များကြောင့် ပဲ၊ နှမ်းဈေးကွက်မှာ အရောင်းအဝယ် မရှိသလောက် အေးနေကြောင်း၊ ပို့ကုန်ပဲနှင့် ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပေါက်ဈေးမဖွင့်တော့ဘဲ ပြည်တွင်းသုံး ကုလားပဲအုပ်စုသာ အရောင်းအဝယ် နေ့စဉ်ဈေးပြတ်နေသော်လည်း ပို့ကုန်ပဲများမှာ အရောင်းအဝယ် အေးနေကြောင်း၊ သီတင်းကျွတ်ပိတ်ရက်များနောက်ပိုင်းမှသာ ပဲ၊ နှမ်းဈေးကွက်အရောင်းအဝယ် ပြန်သွက်လာနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"သီတင်းကျွတ်ကာလဆိုတော့ ကုန်သည်တွေ ဒိုင်မဆင်းကြဘဲ ခရီးသွားတာများတော့ အရောင်းအဝယ်မရှိသလောက် ဖြစ်နေပါတယ်။ ဘဏ်ပိတ်ရက်ရှည်ဆိုတော့ ငွေပေးချေမှု အဆင်မပြေတော့ အရောင်းအဝယ် သိပ်မဖြစ်ဘူး။ ကုလားပဲအုပ်စု ပဲဈေးကွက်တွင် အရောင်းအဝယ်ရှိပေမယ့် ကျန်ပဲမာလိုင်းတွေနဲ့ ပို့ကုန်ပဲတွေက ဈေးမပြတ်တာများတယ်။ ပဲမာလိုင်းကလည်း ဈေးချမရောင်းသလို အရောင်းအဝယ်ကလည်း ခပ်အေးအေး ဖြစ်နေပါတယ်။ သီတင်းကျွတ်ပိတ်ရက်များနောက်ပိုင်းမှသာ အရောင်းအဝယ် ပြန်ကောင်းလာစရာရှိပါတယ်"ဟု ၄င်းက ပြောသည်။



အောက်တိုဘာ ၁၆ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိ၊ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးကျဆင်းနေရာ အောက်တိုဘာ ၁၆ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၀၈၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၂၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးအနည်းငယ်စီ ကျဆင်းလာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် အရောင်းအဝယ် ပေါက်ဈေးမရှိ၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၅၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၁၀၀-၈၂၀၀ ပေါက်ဈေးရှိနေသည်။

အောက်တိုဘာ ၁၆ရက်တွင် နှမ်းမျိုးစုံအရောင်းအဝယ်မရှိ၊ ပေါက်ဈေးများသော်လည်း ဈေးတန်းများမှာ အောက်တိုဘာ ၁၄ ရက် နောက်ဆုံး ပေါက်ဈေးများဖြစ်ရာ နှမ်းဖြူ(ရိုးရိုး)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ နှမ်းဖြူ(ဂျပန်)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ နှမ်းနက်(စမုန်)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀-၆၃၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

(ဝဲပုံ)

**ရွှေမန်း**

## ပြည်တွင်းကွမ်းသီးနုများ ဈေးနှုန်းမြင့်တက်လာ

ကွမ်းသီးနုများသည် ဇွန်၊ ဇူလိုင်လများတွင် လှိုင်လှိုင်ထွက်ရှိပြီး ဩဂုတ်၊ စက်တင်ဘာလများတွင် တဖြည်းဖြည်းရင့်မာလာကြသည်။ ကွမ်းသီးနုရာသီကုန်ဆုံးချိန် စက်တင်ဘာလနောက်ပိုင်းတွင် မွန်ပြည်နယ်၌ ကွမ်းသီးနုများ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

ကွမ်းသီးနုလှိုင်လှိုင်ပေါ်ချိန် ဇွန်၊ ဇူလိုင်လများတွင် ကွမ်းသီးနု တစ်ပိဿာလျှင် ငွေကျပ် ၆၈၀၀-၇၀၀၀ ရှိခဲ့ပြီး ယခုစက်တင်ဘာလကုန်တွင် ကွမ်းသီးနုတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ထိ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ ယခုကဲ့သို့ ကွမ်းသီးနုဈေးနှုန်း မြင့်တက်ရခြင်းမှာ ကွမ်းသီးနုရာသီ ကုန်ဆုံးချိန်ဖြစ်ခြင်း၊ "ရာဂီ"မုန်တိုင်းဒဏ်ကြောင့် ဗီယက်နမ်နှင့်တရုတ်နိုင်ငံတို့ရှိ ကွမ်းသီးထွက်ရှိရာဒေသများတွင် ကွမ်းသီးနုများ ပျက်စီးဆုံးရှုံးမှုများကြောင့် ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း ပြည်တွင်းကွမ်းသီးနုပေါင်းစက်ရုံ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ကွမ်းသီးနုတွေက တရုတ်နိုင်ငံက အများဆုံးဝယ်ယူနေတာပါ။ အရင်ကတော့ တရုတ်ကုန်သည်တွေနယ်တွေထိ ဆင်းပြီး ဝယ်ယူတယ်။ အခုတော့ အဆက်အသွယ်ရှိတဲ့ မြန်မာကုန်သည်တွေက ထိုင်းနိုင်ငံကတစ်ဆင့် တင်ပို့နေတာပါ၊ ရာသီကုန် ပစ္စည်းရှားလာတော့ ဝယ်ဈေးမြင့်တက်လာပါတယ်" ဟု ၄င်းက ပြောသည်။

ပြည်တွင်းမှ ကွမ်းသီးနုများကို ကွမ်းသီးနုပေါင်းစက်ရုံတွင် အခြောက်ခံခြင်း၊ ပေါင်းခံခြင်း အဆင့်ဆင့်ပြုလုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ကာ မောင်းတောင်နယ်စပ်မှ ထိုင်းနိုင်ငံ၊ ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြောင်း ၄င်းက ဆက်လက်ပြောသည်။

ယခုအချိန်တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်မှ ကွမ်းသီးများမှာ ရင့်မာလာကြသဖြင့် ကွမ်းသီးနုများကို တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝယ်ယူနေရကြောင်း သိရသည်။

**ရွှေမန်း**



## သီတင်းကျွတ်လပြည့်နေ့တွင် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား၌ ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိ

**ကျောက်ဆည် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာသင်တောင်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေးတွင် တည်ရှိသော ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားသည် ဘုရားဖူးပြည်သူများနှင့် နေ့စဉ်စည်ကားလျက်ရှိပြီး ယနေ့ နံနက် သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများနှင့် ပိုမိုစည်ကားလျက်ရှိသည်။ (အပေါ်ပုံ)

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားသည် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့ပြီး ရှင်အရဟံသိမ်သမုတ်ခဲ့သော ဘုရားတစ်ဆူဖြစ်ကြောင်း အနုန်းပွဲ၊ ငှက်ပျောပွဲ ကန်တော့ပွဲများ ပန်းနံ့သာများဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်တို့ အောင်မြင်စေရေး သစ္စာအဓိဋ္ဌာန်ပြုဆုတောင်းသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိသည်။

ဆုတောင်းပြည့်မဟာရွှေသိမ်ဘုရားကြီးတွင် ဘုရားဂေါပကအဖွဲ့လူကြီးများက ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို နိုင်စေရေးအတွက် လုံခြုံရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းထားပြီး ဘုရားဖူးလာ ပြည်သူများ၏ လိုအပ်မှုများဖြည့်ဆည်း ကူညီပေးလျက်ရှိပြီး မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များထားရှိရန် ထိန်းသိမ်းစောင့်ရှောက်ပေးသည့် နေရာများဖြင့် စနစ်တကျ စီစဉ်ထားရှိပေးထားကာ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော် စည်ကားလျက်ရှိကြောင်း သိရသည်။

(၄၈၅)

o-o-o-o-o-o-o

## ပခုက္ကူမြို့၊ လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်

**ပခုက္ကူ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉နာရီအချိန်က လူထုအခြေပြုဗဟိုဌာန (Comm-unity centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာမအသွင်ဆန်း (ပခုက္ကူ) က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာနေဦးမောင်က စာရေးဆရာ ရန်ကုန်ဘဆွေ ရေးသားထုတ်ဝေထားသော "သေသော်မှတည့်ဩ်ကောင်း၏" စာအုပ်အကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းဝင်စာရေးဆရာ၊ ဆရာမများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာအုပ်ပါ အကြောင်းအရာများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းကာ အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်ပြီး ပခုက္ကူခရိုင်ပြည်သူ့စာကြည့်တိုက်အတွက် မြို့နယ်စာရေးဆရာအသင်းမှ မဟူရာစောလွင် (ပခုက္ကူ)၏ "ပွင့်လန်းဝေဖြာပန်းမာလာကဗျာများ" စာအုပ်အား လှူဒါန်းပေးအပ်ခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)(၃၄၀)

## သရက်မြို့၌ ဝါလကင်းလွတ် သီတင်းကျွတ် အသိပညာပေး Talk Show ဆောင်ရွက်

**သရက် စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် Book Club အဖွဲ့တို့ ပူးပေါင်းတင်ဆက်သည့် ဝါလကင်းလွတ် သီတင်းကျွတ်အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၅ရက် နံနက် ၉နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show တွင် Book Club အဖွဲ့ဝင် မောင်မင်းသိန်း(သရက်) နှင့် ဦးမြင့်ဆွေ ပညာရေး(ငြိမ်း) တို့က သီတင်းကျွတ်လပြည့်နေ့ အကြောင်းအရာနှင့် အဘိဓမ္မာ ၇ ကျမ်း အဘိဓမ္မာတရားတော်မြတ်ရဲ့ ထူးခြားချက်၊ အဘိဓမ္မာတရားတော်ရဲ့ အနှစ်သာရတို့ကို ဗဟုသုတရစေရာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ဇော်ထက်(သရက်)

o-o-o-o-o-o-o







ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြန်မာ

## ဆီမီးရောင်ဖြာ ဝါကျွတ်အခါ

* ဝသန်ချိန်ခါ၊ သုံးလ"ဝါတွင်
လူ့ရွာဒေသ၊ နေထိုင်ကြသည့်
ဓမ္မဆွေသား၊ သူတော်များသည်
ကျင့်ပွား အင်္ဂါ၊ မြတ်သီလကို
နေ့ညမခြား၊ လွန်ကြိုးစား၏။

* ဗုဒ္ဓမြတ်စွာ၊ ခုနစ်ဝါတွင်
ဒေဝါနတ်နန်း၊ ကြွချီလှမ်း၍
ကျွတ်တမ်းရည်မြော်၊ မွေးမယ်တော်ကို
ဟောဖော်မြွက်ဟ၊ အဘိဓမ္မကြောင့်
များစွ နတ်ဗြဟ္မာ၊ ကျွတ်တမ်းဖြာ၏။

* နတ်တို့ပြည်ရွာ၊ တာဝတိံသာမှ
လူ့ရွာဌာန၊ ပြန်၍ကြွလာ
ဝါမှကင်းလွတ်၊ သီတင်းကျွတ်၏
ပြည့်လွတ်သာယာ၊ ညချမ်းခါ၌
ထိန်ဝါလင်းလျှံ၊ နတ်များရံလျက်
စကြံသုံးသွယ်၊ ဆန်းတကြယ်ဖြင့်
အံ့ဖွယ်မခန်း၊ ကြွချီလှမ်းသည်
လူနန်းဌာနီ၊ သင်္ကဿနဂိုရ်ပြည်။

* ဗုဒ္ဓကြွလာ၊ ညချမ်းခါမို့
ထိန်ဝါဆီမီး၊ ထွန်းညှိပြီးလျှင်
ပန်းစည်းပန်းခိုင်၊ အဖြိုင်ဖြိုင်ဖြင့်
မွှေးကြိုင်လန်းဆန်း၊ ဦးထိပ်တန်းကာ
ဆယ်ပန်းလက်စုံ၊ ထိပ်ဝယ်လှုံပြီး
နှစ်ဖုံ ပါဒ၊ သီသေကျအောင်
တုပ်ကွ ဖူးမြော်၊ မြတ်ရှင်တော်ကို
ပူဇော်ပါကြ၊ ဝါကျွတ်လ။

ပန်းသစ္စာ(ပုသိမ်ကြီး)

## သတင်းပဒေသာ

### ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အမှတ်(၃)ရပ်ကွက်ရှိ မြို့ကျက်သရေဆောင် ကုဏ္ဍာသယအလိုတော်ပြည့် ဓာတုစွယ်တော် စေတီတော်မြတ်ကြီး၏ (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ည ၇ နာရီက အဆိုပါစေတီတော်တည်ရှိရာ အတုလကာရီကျောင်းတိုက်အတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### သန်းခေါင်စာရင်းကောက်ယူပြီးစီး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ရာ လွိုင်လင်မြို့နယ်တွင် ကောက်ကွက်ပေါင်း ၂၅၈ ကွက်ကို ယမန်နေ့က ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အိမ်ဆောက်ပစ္စည်းရန်ပုံငွေများ ထောက်ပံ့ပေးအပ်

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဟိုပုံးမြို့နယ်ရုံးမှ ရေဘေးသင့်လုံးဝပျက်စီးခဲ့သည့် လူနေအိမ် ၂၆၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းရန်ပုံငွေများ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော်ဇေယျာသီရိမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် နေအိမ်မျောပါနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် အိမ်ထောင်စုများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ကောက်ယူပြီးစီး

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်တွင် ၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများအား အောက်တိုဘာ ၁ ရက်မှစတင်၍ မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေး သန်းခေါင်စာရင်းကော်မတီများ၊ စာရင်းစစ်၊ စာရင်းကောက် ဆရာ၊ ဆရာမများ ပူးပေါင်း၍ ကောက်ယူခဲ့သည်။

လယ်ဝေးမြို့နယ်အတွင်း ရပ်ကွက် ၇ ခု၊ ကျေးရွာအုပ်စု ၆၀ ရှိပြီး စာရင်းကောက်ကွက်ပေါင်း ၆၆၁ ၊ တပ်ရင်းတပ်ဖွဲ့ ကောက်ကွက် ၉ ကွက်၊ စုစုပေါင်း ကောက်ကွက် ၆၇၀ ဖြင့် အိမ်ထောင်စုပေါင်း ၆၇၂၈၇ စု၊ လူဦးရေ ၂၆၂၃၄၆ ဦးအား ကောက်ယူနိုင်ခဲ့ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သီတင်းကျွတ်လပြည့်နေ့တွင် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းက ကောဒသမအကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူ



**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ကဦးစီး၍ ကောဒသမအကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၁၇ ရက် (သီတင်းကျွတ်လပြည့်)နေ့ နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် မြတောင်တိုက်မှ သံဃာတော် အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ သံဃာတော်အပါး ၂၅၀ စီကို အလှည့်ကျပင့်ဖိတ်၍ နှစ်စဉ် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဘုံဆွမ်းလောင်းလှူခဲ့သည်မှာ ဆယ့်တစ်နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၉၃)**

---

## မုံရွာမြို့ ဇောတိကာရာမကျောင်းတိုက်မှ သံဃာတော်များ သီတင်းကျွတ်လပြည့်နေ့တွင် အလှူခံကြွရောက်



**မန္တလေး အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မဟာဇောတိကာရာမကျောင်းတိုက်ဆရာတော်ဦးစီး၍ သံဃာတော်များသည် သီတင်းကျွတ်လပြည့်နေ့ နံနက်တွင် မုံရွာမြို့ပေါ်သို့ ဆွမ်းအလှူခံကြွရောက်ကြရာ မြို့သူ၊ မြို့သားများက ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လောင်းလှူကြသည်။

“တစ်နှစ်ကို ဇောတိကကျောင်းက သုံးကြိမ် ဆွမ်းအလှူခံ ထွက်ကြပါတယ်။ နှစ်ဆန်းကာလ တစ်ကြိမ်၊ ဝါဝင်တစ်ကြိမ်နဲ့ သီတင်းကျွတ် တစ်ကြိမ် မုံရွာမြို့ထဲက ရပ်ကွက်တွေကို ရက်ခွဲပြီး ဆွမ်းအလှူခံကြွကြတာ ဖြစ်ပါတယ်။ မုံရွာမြို့သူ၊ မြို့သားတွေကလည်း ဒီလိုလှူဒါန်းခွင့်ကို လက်လွှတ်မခံဘဲ လှူဒါန်းကြပါတယ်”ဟု မုံရွာမြို့နေ အလှူရှင်တစ်ဦးက ပြောသည်။ မဟာဇောတိကာရာမကျောင်းတိုက် လက်ရှိ ဆရာတော် ဦးဆောင်၍ တိုက်အုပ်၊ တိုက်ကြပ်များလိုက်ပါပြီး သံဃာတော်နှင့် ကိုရင် ၆၉ ပါးသည် မုံရွာမြို့ ရပ်ကွက်အသီးသီးရှိ လမ်းများသို့ သီတင်းကျွတ်လပြည့်မတိုင်ခင်မှ စတင်ကာ ငါးရက်တိုင်တိုင် ဆွမ်းအလှူခံကြွတော်မူကြခြင်း ဖြစ်သည်။

မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက်ကြီးကို ၁၉၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ၁၂၈၆ ခု တပို့တွဲလဆန်း ၁၁ ရက်က ဆရာတော် ဘဒ္ဒန္တဇောတိက စတင်တည်ထောင်ခဲ့သည့်အတွက် လာမည့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်တွင် နှစ် ၁၀၀ (ရာပြည့်)ပြည့်ပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

---

## သာသနာ့အနွယ်ဝင် သီလရှင် (၆၂) ပါးအား (၈၅)ကြိမ်မြောက် ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၈၅)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူပွဲကို ယနေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက်ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊ စေတနာရှင်များ စုပေါင်း၍ လစဉ် လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူလျက်ရှိရာ (၈၅)ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက် အသီးသီးမှ သီလရှင် ၆၂ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းဝေခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**ဇော်ထက်(သရက်)**

o-o-o-o-o-o-o-o

o-o-o-o-o-o

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

(၆-၁၀-၂၀၂၄) စာမျက်နှာ ၁၇မှ အဆက်

သူငယ်ချင်း သန်းထွေးလှိုင်တို့ မိသားစုကို နှုတ်ဆက်ပြီး စက်ဘီးနင်း၍ ထွက်ခဲ့သည်။ ရပ်ကွက်ထဲမှ ဒေါ်ဆယ်ခင်တို့ အိမ်ခဏဝင်၍ နှုတ်ဆက်ရဦးမည်။ ဒေါ်လေးကို အဆင်သင့်ပင် အိမ်၌တွေ့ရသည်။ အမ တင်မာရီ၊ ခင်မာသီ၊ တင်မာနီ၊ ခင်မာထွေးတို့ ညီအမများကိုလည်း တွေ့ရသည်။ စကားအကြာကြီးပြောဖြစ်သည်။ ငယ်စဉ်ကတည်းက တစ်မိသားစုတည်းပမာ နေခဲ့ကြသူများဖြစ်သည်။ ကျောင်းပိတ်လျှင် ထိုအိမ်မှ နှစ်ယောက်ခန့် များသောအားဖြင့် ဒေါ်လေး၏ဖခင် အဘိုးလေးနှင့် ကိုစိုးတင့်တို့က ကျွန်တော်တို့အိမ်လာနေ၍ အိမ်မှ အမတို့က ဒေါ်လေးတို့အိမ်၌ လာနေကြသည့် အလေ့အထရှိသည်။ ကိုစိုးတင့်မှာ RIT မှ ကျောင်းပြီးပြီးနောက် ၈၈ အရေးအခင်းမတိုင်ခင်တွင် ကျွန်တော်နှင့်အတူ မန္တလေးနို့ချက်စက်ရုံတည်ဆောက်ရေးစီမံကိန်းတွင် တာဝန်အတူ ထမ်းဆောင်ခဲ့သည်။ တစ်အိမ်တည်းနေ ညီအစ်ကိုရင်းပမာမို့ စက်မှုအခြေခံရှိပြီးသည့် ကျွန်တော့်ကို များစွာလက်တွဲ၍ သင်ပေးခဲ့သည်။ နောက်တပ်မတော်တွင် စစ်မှုထမ်းခဲ့သဖြင့် ကျွန်တော်တစ်ဦးတည်း နို့ချက်စက်ရုံတွင် ကျန်ရစ်သည်။ ဖခင် အငြိမ်းစားယူသောကြောင့် နို့ချက်စက်ရုံမှ အလုပ်နား၍ မော်လမြိုင်မြို့သို့ပြန်ပြီး ထိုမှ မင်္ဂလာဒုံနှင့် အမှတ်(၂)အခြေချစစ်ဆေးရုံတို့တွင်သွား၍ ဖခင်အား စောင့်ရှောက်ခဲ့ရသည်။ ဒေါ်ဆယ်ခင်အား ကန်တော့၍ ပ·လ·စ(၂)ဘက်သို့ စက်ဘီးနင်းရင်း ထွက်ခဲ့သည်။

မန္တလေး-မြစ်ကြီးနား သံလမ်းကို ကျော်လာသည်။ ရဲတိုက်ကြီးနှစ်ခုကြား ထနောင်းပင်အောက်တွင်ရပ်၍ လွမ်းမောဖွယ်ကောင်းသော နန်းမြင့်မျှော်စင်နှင့် ငွေတိုက်တော်ကို ကြည့်မိသည်။ ၁၀ တန်းကာလအထိ ဆော့ကစားခဲ့သော နေရာမို့ အမြဲသတိရသည့်နေရာဖြစ်သည်။ ငွေတိုက်တော်ပေါ်တွင် ကစားသည်ကများသည်။ ငွေတိုက်တော်သည် လှေကားမရှိ ဆင်ဦးတတိုက်အမြင့်တွင် ဝင်ပေါက်များနှင့် ဖြစ်သည်။ အထဲတွင် အဆောင်အကန့် အကန့်နှင့် ချုံနွယ်များ ပိတ်နေသည်။ ဆင်ဦးတတိုက်အမြင့်ကို နံရံမှ ကုတ်တွယ်တက်၍ အပေါ်ရောက်လျှင် ရှုခင်းကြည့်ရင်း စာကျက်သည်။ စာကျက်၍မောလျှင် သေနတ်ပစ်တမ်း ကစားကြသည်။ တစ်ခါတစ်ရံ တစ်ဦးတည်းလာ၍ စာရေး၊ ကဗျာရေးလုပ်ခဲ့သည်ကိုလည်း သတိရသည်။ ညနေ နေဝင်ရီတရောအချိန်မှသာ အိမ်ပြန်သည်။ မလှမ်းမကမ်းရှိ သူသတ်ကုန်းအနီးမှ ပြန်သည်။ မိုးမချုပ်သေးလျှင် သူသတ်ကုန်းပေါ်သို့တက်၍ ပတ်ဝန်းကျင်ကိုကြည့်ရင်း စိတ်ကူးယဉ်ရသေးသည်။ ခါးကြားတွင် ဖတ်စရာစာအုပ်၊ ဘောလ်ပင်နှင့် စာရွက်အပြင် လောက်လေးခွပါ ပါသည်။ လူကြီးများက အဖော်မပါလျှင် ထိုနေရာများသို့ နေဝင်ရီတရောသွားလျှင် မကြိုက်ကြ။ သို့သော် အဖော်ပါပါ မပါပါ သွားမြဲသွား၊ ကစားမြဲကစား၊ စာကျက်မြဲကျက်ခဲ့သော နေရာဖြစ်သဖြင့် မည်သို့မျှ ထိတ်လန့်ခြင်း မရှိခဲ့ပေ။ သတိရသေးသည်။ ၈၈ အရေးအခင်းကာလက ကျောင်းလည်း မတက်နိုင်၊ နို့ချက်စက်ရုံတွင်လည်း အလုပ်ဆင်း၍မရ စက်ရုံပိတ်ထားရသည်။ စက်ရုံမပိတ်ခင်က ဆန္ဒပြသပိတ်မှောက်အဖွဲ့ စက်ရုံသို့ ရောက်လာသည်။ အားလုံးနောက်နေ့ ဆန္ဒပြပွဲလိုက်ရမည်ဟုပြောကာ လက်ပတ်များ ထုတ်ပေးခဲ့သည်။ ကျွန်တော့်စက်မှုဌာနမှူးက ငါမလိုက်ရင် စက်ရုံအဖျက်ခံရမှာ ငါ့ကိုလည်း အန္တရာယ်ပေးမှာမို့ လိုက်သွားမယ်၊ မင်းရောလိုက်မှာမို့လားဟု မေးခဲ့သည်။ ကျွန်တော်က မလိုက်ကြောင်း ပြောခဲ့သည်။ သပိတ်အဖွဲ့က စက်ရုံတွင်းသို့ ပတ်ကြည့်၍ စက်သုံးဆီများ နောက်နေ့လာယူမည်ဟုဆိုသဖြင့် စက်ရုံသော့နှင့် ဆီကန်သော့များအား ကျွန်တော်သိမ်းထားခဲ့သည်။ ဆီကန်၏ တိုင်ထိပ်တွင် သော့တစ်ခုထားခဲ့၍ တပ်မှယာဉ်ဖြင့် ဆီများကို သိမ်းဆည်းစေခဲ့သည်။ သိမ်းနိုင်းမိ၍ တော်ပေသည်။ အရေးအခင်းပြီး၍ ထ·လ·ရ မှ လာရောက်စစ်ဆေးခေါ်ယူခြင်းတွင် အမည်ပါသော်လည်း ဖြေရှင်းနိုင်ခဲ့သည်။ ထိုစဉ်က နာမည်ကြီးသော ထ·လ·ရ(၁)သို့ မလိုက်ခဲ့ရ။

အရေးအခင်းအဆိုးဆုံးကာလတွင် အထက်တန်းကျောင်းသားဘဝက ဆရာမ ဒေါ်စိုးစိုးမင်း၏ အမျိုးသား တပ်ရေးဗိုလ်ကြီးတာဝန်ထမ်းဆောင်စဉ် ကျွန်တော်တို့အား ခေါ်ယူလေ့ကျင့်မှုပေးသည်။ ဆရာမနှင့် တပ်ရေးဗိုလ်ကြီးစကားများရသည်။ ကလေးများကို မခိုင်းရန် ပြောသည်။ ကိုယ်နေတဲ့အိမ် ကာကွယ်ရမှာ တို့ကျရင် သူတို့တာဝန်ပဲဟုပြော၍ လေ့ကျင့်စေသည်။ ကျွန်တော်တို့လည်း စိတ်ပါလက်ပါလေ့ကျင့်ခဲ့သည်။ တာဝန်ယူရသော အပိုင်းများသဖြင့် တပ်တွင် ရဲဘော်အင်အားနည်းလှသည်။ တပ်အား သပိတ်အဖွဲ့က ဝင်စီးမည်ဆိုသည့် သတင်းများ စိပ်စိပ်ကြားလာသည်။ ကျွန်တော်တို့ မနေသာတော့ မိမိနေအိမ်၊ မိမိမိသားစု၊ မိမိကိုယ်တိုင်အတွက် တာဝန်တစ်စိတ်တစ်ပိုင်းယူရပြီး ညဆိုလျှင် ဖခင်နှင့်အတူ (သို့) အိမ်နီးချင်း ရဲဘော်များနှင့် ကင်းအတူ စောင့်ရသည်။ ည ၉ နာရီမှ နံနက် ၄ နာရီအတွင်း အမေးအမြန်းမရှိ ဆောင်ရွက်ပိုင်ခွင့်ပေးထားသည်။ တစ်ညလုံး မအိပ်ဘဲ သေနတ်ကိုင်၍ စောင့်ဖြစ်သည်။ အချိန်နှင့် လှည့်ပေး၍ အိပ်စေသော်လည်း မအိပ်တတ်၍ မအိပ်ခဲ့။ ဖခင် လေယာဉ်ကွင်းစစ်ကိုင်းတံတားတို့တွင် တာဝန်ကျလျှင်လည်း ဖခင်နှင့်အတူ လိုက်ပါခဲ့သည်။ ထိုစဉ်က တောခိုသွားခဲ့သော တောခိုကျောင်းသား လှသူကလည်း တောထဲမှ ဆင်းလာပြီး သူ့နောက်လိုက်ကာ သင်တန်းတက်ရန် အကြိမ်ကြိမ်လာခေါ်ခဲ့သည်။ ထ·လ·ရက သိ၍ ခဏခဏ ဝိုင်းသည်။ ကျွန်တော်နှင့် အမြင်မတူ၍ မလိုက်ကြောင်း လိုက်လိုကတောထဲရောက်သည်မှာ ကြာပြီဖြစ်ကြောင်း ပြော၍ ဖြေရှင်းရသည်။ တပ်မှလည်း မျက်စိအောက်မှ အပျောက်မခံတော့၊ အစ်ကိုသဖွယ်ဖြစ်သော မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးဥက္ကဋ္ဌ၏ အနီးတွင်သာ အနေများခဲ့ရသည်။ ဖခင်ကလည်း စောင့်ရှောက်ရန် အပ်နှံခဲ့သည်။ ရုံးကိစ္စနှင့် အခြားကိစ္စများ အကူအညီပေးရသည်။ ကင်းလှည့်လိုက်သည်။ နောက်ပိုင်းတွင် ကင်မရာတစ်လုံးဖြင့် မန္တလေး စစ်ကိုင်းတို့မှ ဖြစ်သမျှ မှုခင်းနှင့် ထူးခြားမှုများ(လမ်းဖောက်ခြင်း၊ ဖြိုဖျက်ခြင်း)ကို မှတ်တမ်းယူစေသည်။ သတင်းစာပညာအခြေခံရှိမှန်းသိ၍ သတင်းရေးစေသည်။ သတင်းစာသုံးရန် မဟုတ်ဘဲ တင်ပြရန်အတွက် လုပ်ခဲ့ရခြင်း ဖြစ်သည်။ နောင်တစ်ချိန်တွင် သတင်းစာတိုက်ကြီးပေါ်လာပြီး သတင်းအလုပ် လုပ်ရမည်ဟု စိတ်ပင်မကူးမိသေးခင်ကပင် သတင်းအလုပ်လုပ်ခဲ့ဖြစ်သည်။ ယခုမူ သူငယ်ချင်း လှသူက အလင်းဝင်ပြီး ကျွန်တော်နှင့်အတူ အလုပ်လုပ်ရင်း ကျောင်းတက်နေပြီ ဖြစ်သည်။ တစ်လောကမှ သူ့အိမ်က ပြန်ခေါ်သွားခဲ့သည်။ ထ·လ·ရသို့ အပတ်စဉ် သတင်းပို့ရသော တာဝန်မှလည်း ကျွန်တော် လွတ်ခဲ့ပြီ။

ရဲတိုက် နှစ်လုံးကြားတွင်ရပ်ရင်း နောက်ကြောင်းပြန်တွေးတော သတိရနေရာမှ စက်ဘီးကို ဆက်နင်းလာရာ တပ်ဂိတ်သို့ ရောက်ခဲ့သည်။ ဂိတ်တာဝန်ကျမှာ သူငယ်ချင်း ဝင်းဌေး(ကွယ်လွန်)ဖြစ်သည်။ ၈ တန်းအောင်သည်နှင့် တပ်မတော်တွင်း ဝင်သွားခဲ့သူ ဖြစ်သည်။ ဂိတ်တွင် တစ်နာရီခန့်ကြာအောင် စကားပြောကြသည်။ ပြီးလျှင် စက်ဘီးဆက်နင်းလာရင်း ပလစ(၂)အထက နား ရောက်လာသည်။ ကျောင်းတော်တည်ထောင်စကပင် မိမိတို့၏ မိခင်၊ ဖခင်၊ အစ်ကို၊ အစ်မတို့အပါအဝင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ပြီး အဆက်ဆက်တိုးတက်လာသော ကျောင်းဖြစ်သည်။ ကျွန်တော်တို့ ကိုယ်တိုင် သဲတိုက်၊ အုတ်သယ်၊ မြေတူး ပါဝင်ခဲ့ရသည်။ တပ်တွင်းကျောင်းဖြစ်၍ ရဲဘော်ဆရာများ၏ သင်ကြားမှုကိုခံယူ၍ ၁၀ တန်းအောင်ခဲ့ရသော ကျောင်းဖြစ်သည်။ မနေ့က ဆရာဦးခင်မောင်ရင်နှင့် တွေ့ခဲ့သည်။ မြန်မာစာနှင့်ပတ်သက်၍ ပိုရင်းနှီးအောင် သင်ပေးခဲ့ပြီး မေးသမျှ စိတ်ရှည်စွာ ဖြေခဲ့သော ဆရာဖြစ်သည်။ ကျွန်တော်မေးသမျှဖြေ၍ ရေးသမျှကိုလည်း ဖတ်ရှုဝေဖန်ပေးခဲ့သော ငယ်ဆရာဖြစ်သည်။ စာစီစာကုံးရေးတိုင်း လူရည်ချွန်ဖြစ်သော ရဲအောင်(ယခုဒေါက်တာကောန်လ)နှင့် ကျွန်တော်၏ စာများကို အတန်းထဲတွင် ဖတ်ပြဝေဖန်ပြလေ့ရှိသည်။ အမေးအမြန်းထူသော ကျွန်တော်က ဆရာ့ကို အားနာသဖြင့် ကျွန်တော်မသိတိုင်း ဆရာ့ကို မေးနေတာ ကောင်းသလား ဆရာ၊ အဲ့လိုမေးရင် ဘယ်လိုအကျိုးအပြစ်ဖြစ်တတ်သလဲ၊ အကိုးအကားနဲ့ မှတ်သားလို့ရအောင် ဖြေပေးပါဆိုပြီး မေးခဲ့သည်။ ဆရာ့ဖြေကြားချက်ကို ယခုထိ စာအုပ်ထဲတွင် အဆင့်ဆင့်ကူး၍ မှတ်ထားခဲ့သည်။ ပါဠိလိုပါ စိတ်ဝင်စားသော ကျွန်တော့်အတွက် သီးခြားဖြေကြားပေးခြင်း ဖြစ်သည်။ **(၁) မန္ဒမောမူဟတ္တာ=ထုံထိုင်း တွေဝေခြင်းကြောင့် မေးမြန်းခြင်း၊ (၂) ပါပိစ္ဆကူသာပကတာ=လူ တစ်ဖက်သားအား နှိမ်နင်းနိုပ်စက်လိုသော အလိုဆိုးယုတ်မာစိတ်ကြောင့် မေးခြင်း၊ (၃) ပရိဘဝ= မာနတရားဖြင့် သူတစ်ပါးအား မထီလေးစားပြုလိုသောကြောင့် မေးခြင်း၊ (၄) ပဥ္စတုကာမ=မိမိကိုယ်တိုင် အဟုတ်အမှန်သိလိုသောကြောင့် မေးခြင်း၊ (၅) ဓာနေ တုကာမ=သူတစ်ပါးမသိသော အရာကို မှန်ကန်ကျနစွာ သိစေရန် ဖြေကြားလိုသောကြောင့် မေးခြင်း**ဟု ဆရာက စာအုပ်ထဲတွင် ရေးမှတ်စေပြီး အဲဒီငါးချက်ထဲက ဘယ်အချက်နဲ့ မင်းမေးတာနဲ့ ကိုက်ညီသလဲ စဉ်းစားဟု ပြောခဲ့သည်။ ထိုစဉ်မှစ၍ မေးခွန်းမေးလျှင် မိမိကိုယ်ကိုပြန်၍ မေးပြီးမှ သူတစ်ပါးကို မေးသောအလေ့ကို ရခဲ့သည်။ ကျောင်းနားမှ အစ်ကိုအိမ်သို့ ညနေပိုင်းတွင် ရောက်သည်။ ညီအစ်ကိုနှစ်ယောက် စကားပြောကြသည်။

တပ်မတော်ကုန်တိုက်အပ်ပြီးပါက အလုပ်မှနားမည်ဖြစ်ကြောင်း ဖခင်အား မော်လမြိုင်တွင် ခေါ်၍ ရန်ကုန်တွင် ဆေးရုံပြန်ပြရမည်ဖြစ်ကြောင်း၊ အလုပ်မှထွက်၍ စာမေးပွဲဖြေမှသာ ဘွဲ့ရနိုင်မည်ဖြစ်သောကြောင့် အလုပ်မှ နားရမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။ ခဏနား၍ ညနေစာ စားသည်။ နေဝင်ရီတရောအချိန်တွင် တပ်အရှေ့ဂိတ်မှ ထွက်ခဲ့သည်။ ရေဖွေးဖွေးနှင့် ကျုံးဟောင်းကြီး တွေ့ရသည်။ ငယ်စဉ်က တပ်မိသားစုအားလုံး ကျုံးပတ်လည်တွင် နေရာယူစေပြီး ရေကို ဒူးမြုပ်ခန့်ထားကာ တပ်မှူးကိုယ်တိုင် ဘောင်းဘီတိုဖြင့် ခရာမှုတ်အချက်ပေးကာ ကျုံးအတွင်း မွေးမြူထားသော ငါးများကို တပ်မှူးနှင့်အတူ ပျော်ရွှင်စွာ ဖမ်းခဲ့ပုံကို သတိရမိသည်။ တပျော်တပါး ငါးများဖမ်း၍ ငါးပိကောင်သိပ်ထားခဲ့ရာ လများစွာထိ စားခဲ့ရဖူးသည်။ ကျုံးကိုဖြတ် သံလမ်းကျော်သည်နှင့် အေးမြအုံ့ဆိုင်းနေသော တမာတန်းကို ဖြတ်ရသည်။ ငယ်စဉ်ကတည်းက အကြိမ်များစွာ ဖြတ်ခဲ့ရသော တမာတန်းမို့ လွမ်းပါသည်။ တမာပန်းရနံ့ကို တစ်ရှိုက်မက်မက်ရှုရင်း ငယ်စဉ်ဘဝနေခဲ့သည့် ရိပ်မြုံမှ ခွာခဲ့ရသည်။ ချမ်းမြသာစည်လေဆိပ်အနီးသို့ရောက်ပြီ။ လေဆိပ်နှင့် ကားလမ်းကြားတွင် သစ်ပင်စိုက်ပွဲများလုပ်၍ ကျွန်တော်တို့ စိုက်ပျိုးခဲ့သော ကုက္ကို၊ မယ်ဇလီ၊ တမာပင်တို့ လူတစ်ရပ်ပင် ကျော်နေသည်ကို တွေ့ရသည်။ ထိုမှ မိမိတာဝန်ရှိရာ ၈၂ လမ်း၊ ၂၈ လမ်းရှိ ရုံးခန်းသို့ မှောင်ရီပျိုးသည်နှင့် ပြန်လည်ရောက်ရှိခဲ့တော့သည်။

(ဆက်လက်ဖော်ပြပါမည်။)



## သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး၏(၁၁၆)ကြိမ်မြောက် စာရေးတံ၊ သံဃာ့ဒါန ဆွမ်းသပိတ် လောင်းလှူပွဲ ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၁၇**

၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)ရှိ သီရိမ္ဗာအသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်မဟာရွှေမြင်တင် စေတီတော်မြတ်ကြီး၏ (၁၁၆) ကြိမ်မြောက် စာရေးတံ၊ သံဃာ့ဒါနဆွမ်းသပိတ် လောင်းလှူပွဲကို ယနေ့ နံနက်၇နာရီခွဲက အဆိုပါ မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။ (ဓါတ်ပုံ)

ရှေးဦးစွာ(၁၁၆)ကြိမ်မြောက် စာရေးတံသံဃာ့ဒါနဆွမ်းသပိတ်လောင်းလှူပွဲတွင် တာဝန်ရှိသူများ၊ သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆွမ်းသပိတ်နှင့် နဝကမ္မအလှူတော်ငွေများအား ဆရာတော်အရှင်သူမြတ်များထံသို့ အသီးသီး ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

အဆိုပါ သမိုင်းဝင်မဟာရွှေမြင်တင် စေတီတော်မြတ်ကြီး၏ (၁၁၆)ကြိမ်မြောက် စာရေးတံ၊ သံဃာ့ဒါနဆွမ်း သပိတ်လောင်းလှူပွဲတွင် ဩဝါဒစရိယဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် သံဃာအပါး ၇၀၀တို့အား ဆွမ်းဒါနဆွမ်းသပိတ်များ စုပေါင်းလောင်းလှူခဲ့ကြကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)



## ကျန်းမာရေးရာ ထိပ်တန်းသုတများ(၁)

**ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်စေသော အကြောင်းများမှာ–**

နံနက်စာမစားခြင်း၊ အချိုအစားများခြင်း၊ အိပ်ရေးပျက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ စိတ်ဖိစီးမှုများခြင်း စသည်တို့ ဖြစ်သည်။

**နံနက်စာ မစားခြင်း**က သွေးတွင်းသကြားဓာတ်ကို လျော့ကျစေပြီး ဦးနှောက်အတွက် လိုအပ်သည့် အာဟာရများကို ပြည့်ပြည့်ဝဝ မရရှိနိုင်သောကြောင့် ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်စေသည်။

**အချိုအစားများခြင်း**က ပရိုတိန်း(အသား)ဓာတ်များ စုပ်ယူနိုင်စွမ်းကို အနှောင့်အယှက်ဖြစ်စေသောကြောင့် ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်စေသည်။

**အိပ်ရေးပျက်ခြင်းက** ဦးနှောက်ကလာပ်စည်းများကို သေဆုံးစေနိုင်သောကြောင့် ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်စေသည်။

**ဆေးလိပ်သောက်ခြင်းက** ဦးနှောက်ကို များစွာကျုံ့ရှုံ့စေနိုင်သောကြောင့် အချိန်ကြာလာသည်နှင့်အမျှ အယ်လ်ဇိုင်းမားရောဂါဖြစ်စေနိုင်သည်။

**စိတ်ဖိစီးမှုများခြင်း**ကို ကာလကြာရှည်ခံစားရလျှင် သွေးတိုးရောဂါ၊ ကိုယ်ခံစွမ်းအား ကျဆင်းခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းများ ဖြစ်လာနိုင်သည်။ ဦးနှောက်ပင်ပန်းမှုများလာပါက အာရုံစူးစိုက်နိုင်စွမ်းအား၊ တွေးခေါ်နိုင်စွမ်းအား၊ အကြောင်းအကျိုးဆင်ခြင်နိုင်စွမ်းအားများ ကျဆင်းလာကာ ဦးနှောက်လုပ်ငန်းဆောင်တာများ ကောင်းစွာ အလုပ်မလုပ်နိုင်ဖြစ်စေသည်။

ထို့ကြောင့် ဦးနှောက်နှင့်အာရုံကြောကို ထိခိုက်ပျက်စီးခြင်း မဖြစ်လိုပါက ဆိုခဲ့ပါအကြောင်းအချက်များကို အထူးရှောင်ကြဉ်ရပါမည်။

**မျိုးဦး**

## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၄ပညာသင်နှစ် သီတင်းကျွတ်ကာလ အာစရိယပူဇော်



**မန္တလေး အောက်တိုဘာ ၁၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၂၀၂၄ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားအထူးပြု ကျောင်းသား၊ ကျောင်းသူများက သီတင်းကျွတ်ကာလ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၅ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ အဆိုပါကျောင်း စားရိပ်သာခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ နည်းပြ ဆရာ၊ ဆရာမများအား ကျောင်းသား၊ကျောင်းသူများက လက်အုပ်ချီမိုးကန်တော့ကြရာ ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ဆုပေးစကား ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့်ဆရာ၊ ဆရာမများအား ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်းသိရသည်။ (ယာပုံ)(၀၄၅)

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟုတ်ပုံကျေးရွာ၊ မက်မွန်ချိုကျေးရွာနှင့် နမ့်လင်းကျေးရွာတို့၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ၁၅ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၀ သန်းဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်လအလိုက် ဖြည့်သွင်းရမည့်စာရင်း ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးမှ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါကျေးရွာ ၃ရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၃သန်း စုစုပေါင်း အသင်းသား၊ အသင်းသူနှစ်ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သုံးသန်း ထုတ်ချေးထားကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

(အောက်ဝဲပုံ)

(၀၄၀)

## အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထားသည့် စံပြဝါစိုက်ခင်းအား ကွင်းသရုပ်ပြပွဲပြုလုပ်

**စဥ့်ကိုင် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဥ့်ကိုင်မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထားသည့် ကန်တွင်းကျေးရွာ၊ တောင်သူ ဦးမျိုးမင်းထွန်း၊ကွင်းအမှတ်(၄၄-ခ)၊ ဦးပိုင်(၃၉/၁)၊ (မိုး/မိုးနှောင်း ချည်မျှင်ချည်ဝါ B-31 ယာမြေ ၅ ဧက စံပြဝါစိုက်ခင်းအား ယမန်နေ့ နံနက်ပိုင်းက ကွင်းသရုပ်ပြပွဲ ပြုလုပ်လျက်ရှိသည်။ **(အောက်ပုံ)**

ကွင်းသရုပ်ပြပွဲတွင် ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းကြည်မှ ဝါပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့်ပတ်သက်၍ လိုက်နာရမည့် နည်းပညာများကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးဦးသန်းဇော်က ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် နည်းပညာများ ထပ်ဆင့် ဆွေးနွေးခဲ့ပါသည်။ ကွင်းသရုပ်ပြပွဲသို့ ခရိုင်၊ မြို့နယ် စိုက်၊ ညီအဖွဲ့ဝင်များနှင့် တောင်သူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသော တောင်သူများအား ဂျစ်ပဆန် မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၅)



လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

# သာမန်မျက်စိဖြင့် ၁၆ ရက်ကြာ မြင်တွေ့နိုင်မည့် ကြယ်တံခွန်

စကြဝဠာ အနန္တဖြစ်သည်ဆိုသော စကားနှင့်အညီ အာကာသအတွင်း ကြယ်အသစ်များ၊ ဂြိုဟ်အသစ်များ၊ ဥက္ကာခဲများ စသည်ဖြင့် အချိန်နှင့်အမျှ ပြောင်းလဲမှုများဖြစ်ပေါ်နေသည်။ လူသားတို့ လက်လှမ်းမမီသည့် ဖြစ်စဉ်များရှိသကဲ့သို့ အာကာသလေ့လာသူများနှင့် သိပ္ပံပညာရှင်များ လက်လှမ်းမီသလောက် တွေ့ရှိချက်များကို ကမ္ဘာသိအောင် ထုတ်ဖော်အသိပေးကြသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်ကစပြီး ၃၁ ရက်ထိ ၁၆ ရက်ကြာ မိုးကုတ်စက်ဝိုင်းအထက် အနောက်ဘက်အရပ်တွင် ကြယ်တံခွန်တစ်ခုပေါ်လာပြီး လူသားတို့ သာမန်မျက်စိဖြင့် မြင်နိုင်အောင် လင်းလက်နေမှာဖြစ်သည်။ ၄င်းကို C /2023 A 3 (Tsuchinshan-ATLAS) အမည်ပေးထားသည်။ အောက်တိုဘာ ၁၂ ရက်တွင် ကမ္ဘာနှင့် အနီးဆုံးပတ်လမ်းသို့ ရောက်ရှိလာခဲ့ပြီး အမြီးတန်းလန်းနှင့် မြင်တွေ့ကြရမည်ဟု ဆိုပါသည်။

အဆိုပါ ကြယ်တံခွန် C /2023 A 3 ( Tsuchinshan-ATLAS)မှာ ၂၁ ရာစုနှစ်တွင် အကောင်းဆုံး(အနီးကပ်ဆုံး)လေ့လာမြင်တွေ့နိုင်မည့် ကြယ်တံခွန်ဖြစ်သည်။ တယ်လီစကုတ်များဖြင့်



ကြည့်နိုင်သကဲ့သို့ ဓာတ်ပုံရိုက်ကူးလိုသူများအတွက် အဆင်ပြေနိုင်သည်ဟု ဆိုပါသည်။

မြင်တွေ့ကြည့်ရှုနိုင်မည့် ကြယ်တာရာမှာ Ophiuchus ဟုခေါ်သည့် မြွေအလမ္ဘာယ်ကြယ်တာရာအုပ်စုတွင် ဖြစ်သည်။ မိုးသားကင်းစင်ပြီး အမှောင်အားကောင်းချိန် (သို့မဟုတ်) ပြင်ပအလင်းရောင် အနှောင့်အယှက်နည်းသည့် နေရာမှကြည့်လျှင် မြွေအလမ္ဘယ်ကြယ်တာရာအုပ်စုနှင့်အတူ အလင်းအား ၂ ဒသမ ၈ မဂ္ဂနီကျူဖြင့် လင်းလက်နေမည် ဖြစ်သည်။ အလင်းအား ၂ ဒသမ ၈ မဂ္ဂနီကျူသည် ဓူဝံကြယ်၏ လင်းအားခန့်ရှိသဖြင့် ကောင်းစွာမြင်တွေ့နိုင်မည် ဖြစ်သည်။

### ၂၀၂၃ ခုနှစ်က တွေ့ရှိ

ထိုကြယ်တံခွန်ကို တရုတ်နိုင်ငံရှိ Purple Mountain Observatory မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်က ရှာဖွေတွေ့ရှိခဲ့ပြီး နေအဖွဲ့အစည်း၏ အနောက်ဘက် အော့တိမ်တိုက်(Ort cloud)များမှ ရောက်လာသည်ဟု ခန့်မှန်းကြသည်။ လက်ရှိတွင် ကမ္ဘာမြေမှ မိုင်ပေါင်း ၄၄ သန်းအကွာအဝေးတွင် ရောက်ရှိပြီး နေကို ဗဟိုပြု၍ လှည့်ပတ်နေသော ကြယ်တံခွန်၏ လမ်းကြောင်းမှာ အနည်းဆုံး နှစ်ပေါင်း ၈၀၀၀၀ ခန့်ရှည်လျားနိုင်သည်ဟု ဆိုသည်။

ကြယ်တံခွန်အရွယ်အစား ခန့်မှန်းချက်အရ ဗျက်အကျယ်မှာ ၂ မိုင်ခန့်နှင့် အမြီးပိုင်းတွင် ရေခဲနှင့် ဖုန်မှုန့်တန်းများ ပါဝင်သော အမြီးတန်းကြီးသည် မိုင်ပေါင်း ၁၈ သန်းခန့်ရှည်လျားမည်ဟု သိရသည်။ ကြယ်တံခွန်၏ ဦးခေါင်းပိုင်းမှာ မှိန်ပြပြတွေ့ရမည်ဖြစ်သကဲ့သို့ နောက်မြီးတန်းကြီးမှာ အလင်းအမှောင်များအကြား သေချာကြည့်ရှုမှ မြင်နိုင်မည် ဖြစ်သည်။

### မြွေအလမ္ဘာယ်ကြယ်တာရာ

Ophiuchus ဟုဆိုသော မြွေအလမ္ဘာယ်ကြယ်တာရာ အုပ်စုသည် ကြီးမားသည့် ကြယ်တာရာအုပ်စုဖြစ်၍ ရှေးဂရိနက္ခတ်ပညာ



ရှင်များက မြွေကို ရစ်ပတ်ကိုင်ဆောင်ထားသည့် ပုံဖော်ထားသော ကြယ်တာရာဖြစ်သည်။ ၄င်းတွင် ဦးခေါင်းပိုင်း(Serpens Caput) နှင့် အမြီးပိုင်း(Serpens Cauda)ဟူ၍ ခွဲထားသဖြင့် အပိုင်း ၂ ပိုင်း ခွဲထားသော်လည်း ကြယ်အုပ်စုတစ်ခုတည်း ဖြစ်သည်။

C /2023 A 3(Tsuchinshan-ATLAS) ကြယ်တံခွန်ကို အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အတွင်း မြွေဦးခေါင်းပိုင်းကြယ်စုများရှိရာ(Serpens Caput) ရှိရာတွင် မြန်မာစံတော်ချိန် ညနေ ၆နာရီ ၃ မိနစ်မှ ၆နာရီ ၁၄ မိနစ် အကြား မြင်တွေ့နိုင်မည်ဖြစ်၍ အောက်တိုဘာ ၁၉ ရက်မှ ၃၁ ရက်နေ့အတွင်း မြန်မာစံတော်ချိန် ညနေ ၆ နာရီမှ ည ၈ နာရီအတွင်း တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက်တွင် တဖြည်းဖြည်း ဝေးကွာမှေးမှိန်သွားပြီးနောက် ပုံမှန်ဖြစ်စဉ်အတိုင်း ပျက်ကျသွားမည် ဖြစ်သည်။

**ကိုးကား – သန့်ဦး(အာကာသနှင့် စကြဝဠာ)**

ခိုင်ဆက်ဝေ

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၁၀၀ ရာခိုင်နှုန်း အောင်မြင်စွာ ကောက်ယူပြီးစီး

**တောင်တွင်းကြီး အောက်တိုဘာ ၁၇**

နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များကို အောက်တိုဘာ ၁ ရက်မှစ၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုများ အောင်မြင်စွာ ကောက်ယူပြီးစီးခဲ့သည်။

တောင်တွင်းကြီးမြို့နယ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ မြို့နယ်လဝက ဦးစီးမှူး ဦးဟိန်းဇော်မင်းတို့က ကြီးကြပ်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၂ အုပ်စု၊ ကျေးရွာပေါင်း၂၈၆ရွာတွင် ကောက်ကွက် (၆၀၅) ကွက်ဖြင့် စာရင်းစစ်၊ စာရင်းကောက် ၂၁၉ ဦးနှင့် ပူးပေါင်းအဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာအလိုက် လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိစေရေးအတွက် အိမ်ထောင်စုများ၏ လူဦးရေအချက်အလက်များနှင့်အိမ်အကြောင်းအရာများကို အချက် ၆၈ ချက်ပါ မေးမြန်းချက်များဖြင့်လည်းကောင်း၊ အဖွဲ့အစည်းများကို အချက် ၁၈ ချက်များဖြင့်လည်းကောင်း၊ CAPI နည်းပညာဖြင့် Mobile Tablet များ အသုံးပြု၍ တစ်အိမ်တက်ဆင်းလိုက်လံကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်အထိ အိမ်ထောင်စု ၆၂၆၂၅ စု၊ လူဦးရေ ၂၂၉၀၈၉ ဦးတို့အား လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၁၀၀ ရာခိုင်နှုန်းအောင်မြင်စွာ ကောက်ယူပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# ကမ်းနားလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များအား ပြုစုပျိုးထောင်ပေး

**မြစ်ကြီးနား အောက်တိုဘာ ၁၇**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပ၍ စိမ်းလန်းစိုပြည်လာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း၍ ကောင်းမွန်သော လူမှုပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်သည် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ညနေ ၃နာရီက ကမ်းနားလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးသည် ပြည်နယ်သစ်တောဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် အရာထမ်း၊ အမှုထမ်းများနှင့်အတူ မြစ်ကြီးနားမြို့ရှိ အများပြည်သူ အပန်းဖြေရာနေရာတစ်ခုဖြစ်သည့် ကမ်းနားလမ်းတစ်လျှောက် We Love Myitkyina ဆိုင်းဘုတ်နေရာမှ စတင်၍ ပြည်သူများအား အမှိုက်ကင်းစင်သော မြို့ပြစနစ်ဖြစ်လာစေရေး နှိုးဆော်တိုက်တွန်းခြင်းနှင့် အမှိုက်များ ကောက်ယူခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ အဆိုပါ ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး စိုက်ပျိုးဆောင်ရွက်ထားသည့် ရေမနေပင် အပါအဝင်နှစ်ရှည်ကမ်းပါးထိန်းသစ်ပင်များအား ပျိုးထောင်၍ မြေပေါင်မြှင့်တင်ပေးခြင်း၊ ပေါင်းနုတ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၌ ရှေးဟောင်းသမိုင်းဝင် မြစည်းခုံဘုရားပွဲနှင့်အတူ ကျေးရွာဘုရားပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့တွင် မြို့ပေါ်ရှိ ရပ်ကွက် ဓမ္မာရုံဘုရားများ ဆွမ်းသိမ်းပွဲနှင့်အတူ အထင်ကရ ဘုရားပွဲများဖြစ်သည့် စည်ပေါက်ကန်ကျေးရွာ ရှေးဟောင်းသမိုင်းဝင်မြစည်းခုံဘုရားပွဲတော်နှင့် နှစ်ကျပ်ခွဲကျေးရွာ ထီးတော်လှူပ် သိမ်တော်ဘုရားပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ဓမ္မာရုံဆွမ်းသိမ်းအောင်ပွဲနှင့် ပဋ္ဌာန်းသိမ်းပွဲများကို သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် လပြည့်နေ့တို့တွင် မိမိတို့ရပ်ကွက်အလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး မြို့နယ်အတွင်း စည်ကားသိုက်မြိုက်စွာ ပွဲတော်ကျင်းပလေ့ရှိသည့် စည်ပေါက်ကန်ကျေးရွာအုပ်စု၊ စည်ပေါက်ကန်ကျေးရွာအနီးရှိ တောင်တွင်းကြီးမြို့ သီဟပတော့မင်းကောင်းမှုဖြင့် သက္ကရာဇ် ၁၃၂၇ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည့် မြစည်းခုံ ဘုရားပွဲတော်နှင့် နှစ်ကျပ်ခွဲကျေးရွာအုပ်စု၊ နှစ်ကျပ်ခွဲကျေးရွာတွင် ပုဂံခေတ်ရှင်အရဟံမထေရ်မြတ်ကြီး သမုတ်ခဲ့သောသိမ်ပေါ်တွင် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ထီးတော်လှူပ် သိမ်တော်ဘုရားပွဲများသည် အထင်ကရကျင်းပလေ့ရှိသည့် ဘုရားပွဲများဖြစ်ပြီး မြစည်းခုံဘုရားပွဲကို ကျောက်ပန်းတောင်း မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာ ၂၀ ကျော်မှ လှည်းများ၊ ထော်လာဂျီများ၊ လိုက်ထရပ်ယာဉ်များ၊ သုံးဘီးယာဉ်များဖြင့်လည်းကောင်း၊ မော်တော်ဆိုင်ကယ်များဖြင့်လည်းကောင်း အစုအဖွဲ့လိုက်လာရောက်၍ ဆွမ်းတော်ပွဲချလေ့ရှိကြကာ ထူးခြားသည်မှာ အဆိုပါ ဘုရားရင်ပြင်နှင့် စေတီတော်ကို မိမိတို့ယာသီးနှံများဖြစ်သည့် နှမ်းစေ့၊ မြေပဲဆန်များဖြင့် ကြဲပက်ပူဇော်၍ လာမည့်နှစ်များတွင် မိုးလေဝသ မှန်ကန်ပါစေကြောင်း၊ သီးနှံဖျက်ပိုးများကင်းရှင်းပါစေကြောင်း၊ သီးနှံအထွက်နှုန်း ကောင်းပါစေကြောင်းနှင့် ဈေးကောင်းရရှိကြပါစေကြောင်း၊ ဆုတောင်းကြသည်မှာ အညာတောင်သူတို့၏ ထူးခြားသည့်ဓလေ့ပင် ဖြစ်ပါသည်။

မြစည်းခုံဘုရားပွဲတော်ကို ကျောက်ပန်းတောင်းမြို့ပေါ် နေသူများနှင့် အနီးဝန်းကျင်ကျေးရွာများဖြစ်သည့် စည်ပေါက်ကန်၊ ရွာလု၊ ပေါက်သစ်၊ ထန်းတောရိုး၊ ကြံစို့၊ ရွာမ၊ တံခါးမ၊ ရွာပု၊ ဆုံရွာ၊ ပေါက်သစ်၊ ရိုးခြား အစရှိသည့် ကျေးရွာများမှ နံနက် ၅ နာရီခန့်မှစတင်၍ လှည်းယဉ်များ၊ မော်တော်ကားများ၊ ထော်လာဂျီများဖြင့် အစုအဖွဲ့လိုက် လာရောက်ကြပြီး အရိပ်အာဝါသကောင်းသည့် သစ်ပင်ရိပ်များတွင် ဝိုင်းဖွဲ့၍ နေရာယူကြပြီး ဘုရားဆွမ်းလုံးချခြင်း၊ ဘုရားပွဲလာ မိမိတို့အသိမိတ်ဆွေများအား မုန့်ဆီကြော်များ၊ ဒေသထွက်အစားအစာများဖြင့် တည်ခင်းဧည့်ခံခြင်းဖြင့် အညာဒေသ ဘုရားပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၅၆)**

## (၃၅)ကြိမ်မြောက် တိုင်းရင်းဆေးသိပ္ပံ မူလဆရာကြီးများ အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

(၃၅)ကြိမ်မြောက် တိုင်းရင်းဆေးသိပ္ပံ မူလဆရာကြီးများ အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး(ငြိမ်း) ဦးစန်းလွင်က ဆောင်ရွက်ပြီး ကွယ်လွန်သွားကြပြီဖြစ်သော မူလဆရာကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် တစ်မိနစ်ခန့် ငြိမ်သက်ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် အာစရိယပူဇော်ပွဲ ပူဇော်ခံဆရာကြီး ဦးမြင့်လွင်ထံ မူလဆရာကြီးများ ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီက ကန်တော့ပွဲကို ပေးအပ်ကြပြီး မူလဆရာကြီးနှစ်ဦးဖြစ်သော ဒေါက်တာအောင်နိုင်၊ ဆရာကြီး ဦးမြင့်လွင်တို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများက တစ်ဦးလျှင် ငွေသား ၂၁ သိန်းနှင့် ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး မူလဆရာကြီးနှစ်ဦးက ဆုံးမဩဝါဒဆုပေးစကား အသီးသီး ပြောကြားကြသည်။

အာစရိယပူဇော်ပွဲအခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဦးတင့်လွင်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ပါမောက္ခ ဦးဌေးလွင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံမှူး ဦးသန်းထွန်းအောင်၊ တိုင်းရင်းဆေးတက္ကသိုလ်(မော်ကွန်းထိန်း)ဦးမြင့်အေး၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၀)**



## ရိုးရာလုပ်ငန်းတစ်ခုဖြစ်သော ခေါင်းအုံးနှင့် ဖက်လုံးလုပ်ငန်း အခါကြီးရက်ကြီးများတွင် ရောင်းအားပိုကောင်းလာ

**မင်းဘူး အောက်တိုဘာ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လရောက်သည်နှင့်အညီ ပွင့်လင်းရာသီ



ရောက်လာပြီဖြစ်သဖြင့် လူကြီးမိဘများနှင့် ဆရာသမားများအား ကန်တော့ပွဲများ၊ အလှူမင်္ဂလာပွဲလမ်းသဘင်များ ပေါများလာပြီဖြစ်တဲ့အတွက် မိရိုးဖလာရိုးရာလုပ်ငန်းဖြစ်သော စောင်၊ ခြင်ထောင်၊ ခေါင်းအုံးလုပ်ငန်းများ ရောင်းအားကောင်းလာပြီဖြစ်သည်။ **(ဝဲပုံ)**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၃)၊ ရွာမရပ်ကွက်မှ မိသားစုတစ်နိုင်တစ်ပိုင် ခေါင်းအုံးနှင့် ဖက်လုံးလုပ်ငန်းအဖြစ် ပြုလုပ်ရောင်းချသူများမှာ သီတင်းကျွတ်လ ရောက်လာသည်နှင့်အမျှ အရောင်းအဝယ်သွက်လျက်ရှိသည်။ ထိုမြန်မာ့ရိုးရာအိမ်ထောင်မှု ပရိဘောဂပစ္စည်းတစ်မျိုးဖြစ်သည့် ခေါင်းအုံးနှင့် ဖက်လုံးများ ပြုလုပ်သည့်လုပ်ငန်းကို လွန်ခဲ့သော ၁၅ နှစ်ခန့်က စတင်ပြုလုပ်ခဲ့ကြပြီး ဘိုးဘွားပိုင်ရိုးရာလက်မှုလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

"ကျွန်တော်တို့ ယခုနှစ်မှာတော့ သီတင်းကျွတ်လ ရောက်ပြီဆိုတာနှင့် ကုန်ပစ္စည်းများ ရောင်းအားကောင်းလာပါတယ်။ ခေါင်းအုံးအသေး တစ်လုံးလျှင် ငွေကျပ် ၁၅၀၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၂၅၀၀၊ အကြီးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀ နှင့် ဖက်လုံးများမှာတော့ အသေး၊ အကြီးအလိုက် ငွေကျပ် ၃၀၀၀၊ ၄၀၀၀၊ ၅၀၀၀ နှင့် ၆၀၀၀ ဈေးများဖြင့် ရောင်းချလျက်ရှိပါတယ်။ လက်ရှိတစ်ရက်လျှင် ဖက်လုံး အလုံး ၃၀၊ ခေါင်းအုံး အလုံး ၅၀ ဖောက်သည်ပေးရပြီး ငွေကျပ် ၂၅၀၀၀၀ လောက်အထိ ရောင်းချရပါတယ်။ ယခင်နှစ်က သီတင်းကျွတ်လပြည့်နေ့မှာ ပိုမိုရောင်းအားကောင်းပြီး တော်သလင်းလပြည့်ကျော် ၁ ရက်မှစ၍ ရောင်းအားကောင်းလာကြောင့် လူမှုဘဝစီးပွားရေးလည်း အဆင်ပြေလာပါတယ်"ဟု ခေါင်းအုံးနှင့် ဖက်လုံးများ ပြုလုပ်ရောင်းချသူ ဦးဝင်းသိန်းက ပြောသည်။

**(၅၀၄)**

## ယခုနှစ် မိုးသီးနှံရာသီတွင် စိုက်ပျိုးသည့် မိုးသီးနှံစုံ ဧက သုံးသောင်းကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးသီးနှံစုံဧက သုံးသောင်းကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်သီးနှံ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေ စားသုံးသီးနှံများ စသည့် မိုးသီးနှံစုံစိုက်ဧက ၁၂၈၆၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရကာ ယခုအခါ ဒေသခံတောင်သူများက ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့သော မိုးသီးနှံများကို ဇူလိုင်လကုန်ပိုင်းမှ စတင်၍ သိမ်းဆည်းရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ မိုးသီးနှံစုံ ၃၅၄၇၀ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

အဆိုပါ မိုးသီးနှံစုံရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြေပဲသီးနှံ ၃၆၁၉ ဧက၊ နှမ်းသီးနှံ ၂၁၉၀၉ ဧက၊ နေကြာသီးနှံ ၅၇၉ ဧက၊ ပဲတီစိမ်းသီးနှံ ၂၀၅၉ ဧက၊ ဖူးစားပြောင်း ၁၂၈၉ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာ ၃၉၈၂ ဧက၊ အခြားစားသုံးသီးနှံ ၂၀၂၃ ဧက၊ စုစုပေါင်း ၃၅၄၇၀ ဧက ဖြစ်သည်။ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး၊ အချိန်မီသီးနှံရိတ်သိမ်းနည်းစနစ်များစသည့် တောင်သူပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**(ဝဲပုံ)**

**(၄၄၅)**



# မန္တလေးမြို့တွင် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ ပွဲတော်လာပြည်သူများဖြင့် စည်ကားများပြား

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးမြို့တွင် မြန်မာ့ရိုးရာ သီတင်းကျွတ် မီးထွန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ယနေ့ညနေပိုင်းတွင် ၂၆လမ်းနှင့် ၆၆လမ်းတွင် ကျင်းပရာ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သီတင်းကျွတ်မီးထွန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီးနောက် ဧည့်ပရိသတ်များနှင့်အတူ ကုသိုလ်တော်ပုံတူစေတီတော်ရှေ့တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ကြသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများနှင့် တာဝန်ရှိသူများသည် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် လျှပ်စစ်မီးအလှဆင်ထားမှုများ၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးနေမှုများ၊ အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုကာ သီတင်းကျွတ် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများအား နိုင်ငံကျော်အဆိုတော်များက မြန်မာမှုနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေနေမှုများ၊ မြန်မာ့ရိုးရာ အစားအစာများဖြင့် စတုဒိသာ ကျွေးမွေးဧည့်ခံနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် မြတ်စွာဘုရားအား ရည်မှန်း၍ ဆီမီးများ၊ လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်းခဲဖွယ်ကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများ၊ ရုံးများ၊ လူနေအိမ်များ၊ လမ်းများတွင် ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်းနှင့် လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## သီတင်းကျွတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူး၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှု သီတင်းကျွတ်ပွဲတော်အား မန္တလေးမြို့ ၂၆လမ်း၊ ၆၆လမ်း မှ ၇၃လမ်းအထိ တေးဂီတ ဖျော်ပွဲ၊ ရှင်ပွဲများဖြင့် ဆက်လက်ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်ကျော် (၁)ရက် အောက်တိုဘာ ၁၈ရက် ညနေ ၆နာရီမှ ည ၁၀နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ ၂၆လမ်း၊ ၇၁လမ်း နှင့် ၇၂လမ်းကြားတွင် မန်းစည်ပင်ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များက ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ရာ မန္တလေးမြို့တော်သူ၊ မြို့တော်သားများ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော်အား ပါဝင်ဆင်နွှဲနိုင်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ၂၀၂၅ အာရှဖလား အမျိုးသမီး ဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု(D) ၌ ကျရောက်

**ကွာလာလမ်ပူ အောက်တိုဘာ ၁၇**

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို အောက်တိုဘာ ၁၇ရက်က မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ပြုလုပ်ခဲ့ရာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အုပ်စု(D)တွင် ဗီယက်နမ်၊ တရုတ်တိုင်ပေ၊ မကာအိုအသင်းများနှင့်အတူ ကျရောက်ခဲ့သည်။

စာမျက်နှာ ၆ သို့ ❖

